# Information Sheet



VOLUME II, SPECIAL ISSUE 4
22 August 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်ဇော်မင်းထွန်းပြောကြားချက်များမှ ကောက်နုတ်ချက် | ၁ |
| ၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၏ ရှင်းလင်းပြောကြားချက်များမှ ကောက်နုတ်ချက် | ၉ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေကောက်နုတ်ချက်များ | ၁၂ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer တို့ တွေ့ဆုံစဉ် ဆွေးနွေးပြောကြားချက်များ | ၁၇ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်ဇော်မင်းထွန်းပြောကြားချက်များမှ ကောက်နုတ်ချက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏(၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ်လ ၁၇ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက-

- ဩဂုတ်လ ၁၇ ရက်တွင် ဖြစ်ပွားခဲ့သည့် စစ်ကိုင်းတံတားဖြစ်စဉ်နှင့်ပတ်သက်ပြီး ရန်ကုန်-မုံရွာ ပြေးဆွဲနေသည့် အာကာသခရီးသည်တင်ကားတစ်စီးကို တက်ရောက် စစ်ဆေးခဲ့ရာ ကားပေါ်တွင် ပါလာသည့် PDF အကြမ်းဖက်သမားသုံးဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဖမ်းဆီးရမိသည့်အခြေအနေများအား ရှင်းလင်းပြောကြားခဲ့။
- မိမိအနေဖြင့် ပြည်သူလူထုကို လေးလေးနက်နက်အသိပေးလိုသည်မှာ ခရီးသွားပြည်သူများ၊ ယာဉ်လိုင်းများအနေဖြင့် မသင်္ကာစရာတွေ့ရှိလျှင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများအနေဖြင့် NUG / PDF အမည်ခံ အကြမ်းဖက်သမား၏ ခရီးသည်တင်ယာဉ်လိုင်းများကို တိုက်ခိုက်မှု၊ ခရီးသည်များကို ဓားစာခံလုပ်နေမှု၊ လူသားတံတိုင်းသဖွယ် အသုံးချမှုများကို သိရှိရန်နှင့် အကြမ်းဖက်လုပ်ရပ်များကို အားမပေးရန် မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့။
- ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တာဝန်ထမ်းဆောင်မှု ၁၈ လတာကာလအခြေအနေများနှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံ၏ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၂)ကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာပြီး နိုင်ငံတော်တာဝန်ထမ်းဆောင်နေရစဉ်အတွင်း ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်းပြီး ပြောကြားခဲ့ကြောင်း။
- နိုင်ငံရေးလုပ်ငန်းစဉ်(၂)ရပ်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် ရွေးကောက်ပွဲသည် တိုင်းပြည်၏ဂုဏ်သိက္ခာနှင့်သက်ဆိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည့်အတွက် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရန် လွတ်လပ်ပြီး တရား

မျှတသည့် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရန် အလွန်အရေးကြီးသဖြင့် ရွေးကောက်ပွဲတွင်အသုံးပြုမည့် မဲစာရင်းများပြည့်စုံမှန်ကန်ရန် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး ပူးပေါင်းပြုစုဆောင်ရွက်ခြင်း၊ နိုင်ငံရေးပါတီများ စစ်ဆေးခြင်း၊ မဲဆန္ဒရှင်များ ပြုစုခြင်းစသည့်ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း။

- မိမိတို့အစိုးရအနေဖြင့် ယခင်သတင်းစာ ရှင်းလင်းပွဲများတွင် မီဒီယာတချို့က တင်ပြမေးမြန်းထားသည့် ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် နိုင်ငံရေးရာထူးတာဝန်ထမ်းဆောင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များကို နိုင်ငံရေးပင်စင်ပေးနိုင်ရေးရှိ/မရှိ ကိစ္စရပ်အား ဩဂုတ်လ ၁၆ ရက်တွင် လက်တွေ့ဆောင်ရွက်ခဲ့ပြီး NLD လွှတ်တော်ကိုယ်စားလှယ် ၂၁၇ ဦး အပါအဝင်၊ လွှတ်တော်ကိုယ်စားလှယ် ၄၉၁ ဦးကို နိုင်ငံရေးပင်စင်ခံစားခွင့်ပြုခဲ့ကြောင်း။
- မိမိတို့ အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရန်ပုံငွေကျပ် ၄၉၁ ဘီလီယံ အသင့်ထားရှိကြောင်း၊ ယင်းငွေများကို ဒီအတိုင်းထားပြီး ငွေအိပ်နေမည့်အစား ပြည်သူလူထု၏ လူမှုစီးပွားဘဝကို အထိ ရောက်ဆုံးနှင့်အမြန်ဆုံးမြှင့်တင်နိုင်ရန် ကျပ်ဘီလီယံ ၄၀၀ကို နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။
- ငြိမ်းချမ်းရေးဆောင်ရွက်ချက်များအနေနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်ထားရှိ၍ ကိုယ်တိုင်ကိုယ်ကျ ဆွေးနွေးရန် EAO အဖွဲ့များကို ဖိတ်ခေါ်ခဲ့ပြီး တိုင်းရင်းသားများသည် ၎င်းတို့၏ အခွင့်အရေးများ၊ နစ်နာမှုများကို တရားဝင်နိုင်ငံရေးစင်မြင့်တွင် ပြောခွင့်၊ ဆိုခွင့်၊ တောင်းဆိုခွင့် ပေးရမည်ဖြစ်ကြောင်း၊ တရားဝင်ပြောရေးဆိုခွင့်ရှိသည့် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် လွှတ်တော်အသီးသီး၌ တိုင်းရင်းသားများ၊ လူထုလူတန်းစားများ၏ အလွှာအသီးသီးကို ကိုယ်စားပြုသည့်သူများ ပါဝင်နိုင်ရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း။
- တွေ့ဆုံဆွေးနွေးရာမှတစ်ဆင့် ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီ ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ် လိုအပ်ပြီး ဖြစ်သင့်သည်နှင့်ဖြစ်လိုသည်များကို ရင်းနှီးပွင့်လင်းစွာညှိနှိုင်းဆွေးနွေးခဲ့ကြောင်း။
- နိုင်ငံခြားဆက်ဆံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးအကောင်အထည်ဖော်နေသည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတကာဖြင့် “အမြဲတမ်းမိတ်ဆွေနိုင်ငံ” အဖြစ် အောင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဩဂုတ်လ ၁၆ ရက်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မြန်မာနိုင်ငံကို ရောက်ရှိနေပြီးဖြစ်ကာ ဩဂုတ်လ ၁၇ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးတို့နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်တို့ တွေ့ဆုံမည်ဖြစ်ကြောင်း။
- ရုရှား-မြန်မာ ဆက်ဆံရေးနှင့်စပ်လျဉ်း၍ ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် (၇၅)နှစ်တာကာလ ပြည့်မြောက်တော့မည်ဖြစ်ပြီး မိတ်ဆွေရင်းညီအစ်ကို နိုင်ငံများဖြစ်သည့်အတွက် သံတမန်ဆက်ဆံမှုများတွင်လည်း ပိုမိုတိုးမြှင့်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဩဂုတ်လဆန်းပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Sergey Lavrov သည် မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်ရောက်ရှိခဲ့ကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တွေ့ဆုံခဲ့ကြောင်း။
- အဆိုပါတွေ့ဆုံမှုတွင် ရုရှား-မြန်မာနှစ်နိုင်ငံ မိတ်ဆွေရင်းညီအစ်ကိုနိုင်ငံများဖြစ်သည့်အတွက် သံတမန်ဆက်ဆံမှုပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ရုရှားနိုင်ငံ၌ မြန်မာနိုင်ငံဆိုင်ရာကောင်စစ်ဝန်ရုံးနှစ်ခုအား ထပ်မံဖွင့်လှစ်သွားမည်ဖြစ်သလို မြန်မာနိုင်ငံတွင်လည်း ရုရှားကောင်စစ်ဝန်ရုံးများ ထပ်မံဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမြဲတမ်းမိတ်ဆွေနိုင်ငံ၊ အမြဲတမ်းမဟာမိတ်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း။
- မိမိတို့နိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ဆက်ဆံရေးအစဉ်ချောမွေ့ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အိမ်နီးချင်းထက် စိတ်ချရသည့် မိတ်ဆွေနိုင်ငံဆိုသည်မှာမရှိကြောင်း၊ အိမ်နီးချင်းဆိုသည်မှာ အရင်းနှီးဆုံးဖြစ်ရမည်ဟု ခံယူချက်ထားရှိသည်ဟုလည်း နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် တရုတ်နိုင်ငံမှ မီဒီယာတစ်ခုနှင့် Interview တွင် ပြောကြားခဲ့ကြောင်း၊ အိမ်နီးချင်းနယ်နိမိတ်ရှည်လျားစွာထိစပ်နေသည့် တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို ပို၍အလေးထားကြောင်း။

- အိမ်နီးချင်းနိုင်ငံပီပီ တရုတ်တစ်နိုင်ငံတည်း မူဝါဒ(One China Policy)ကို ခိုင်ခိုင်မာမာရပ်တည်ထောက်ခံသည့် နိုင်ငံဖြစ်ကြောင်းလည်း ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း၊ လက်ရှိတွင်ဖြစ်ပေါ်ခဲ့သည့် အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ တရုတ်တိုင်ပေသို့ ရုတ်တရက်ဝင်ရောက်ခဲ့သည့် ခရီးစဉ်တွင် တရုတ်တစ်နိုင်ငံတည်းမူဝါဒအပေါ် အတိ အလင်းချိုးဖောက်မှုဖြစ်သည်ဟု မိမိတို့နိုင်ငံအနေဖြင့် နားလည်လက်ခံကြောင်း၊ ယင်းခရီးစဉ်သည် မိမိတို့ဒေသတွင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်လာစေနိုင်ကြောင်း၊ ထို့ကြောင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် တရုတ်တိုင်ပေနှင့်ပတ်သက်သည့် တရုတ်နိုင်ငံ၏ တတိယအကြိမ်မြောက် စက္ကူဖြူစာတမ်း ထွက်ပေါ်လာခြင်းဖြစ်ကြောင်း။
- တရုတ်နိုင်ငံပြန်လည်ပေါင်းစည်းရေးအတွက် တရုတ်ကွန်မြူနစ်ပါတီနှင့် တရုတ်အစိုးရအဆက်ဆက်ကြိုးစားဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအဖြစ်လည်းကောင်း၊ မဟာဗျူဟာ မိတ်ဖက်နိုင်ငံအဖြစ်လည်းကောင်း၊ ဆွေမျိုးပေါက်ဖော်နိုင်ငံအဖြစ်လည်းကောင်း ခိုင်မာစွာရပ်တည်သွားမည်ဖြစ်သည်ဟု အသိပေးပြောကြားလိုကြောင်း ပြောကြားခဲ့။
- မိမိတို့နိုင်ငံသည် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ဆက်ဆံရေးကောင်းများ ထူထောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံနှင့်လည်း ကောင်းမွန်သည့် သံတမန်ဆက်ဆံရေးကို အစဉ်အမြဲအလေးထားထူထောင်လျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံကြားတွင် ရေးနှစ်ပေါင်းထောင်ချီကတည်းက စာပေ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးအရ အပြန်အလှန်ရောယှက်ဆက်နွယ်မှုများရှိခဲ့ကြောင်း။
- မိမိတို့ နိုင်ငံလွတ်လပ်ရေးရခဲ့သည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့မှသာ တရားဝင်သံတမန်ဆက်ဆံရေးစတင် ထူထောင်ခဲ့ခြင်းဖြစ်ပြီး သံတမန်ဆက်ဆံရေး နှစ် ၇၀ ကျော်ကာလရောက်ရှိပြီဖြစ်သည့်အတွက် မိမိတို့နှစ်နိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နှစ်နိုင်ငံနယ်စပ်လုံခြုံရေး၊ တည်ငြိမ်ရေး၊ အေးချမ်းရေးနှင့် သာယာဝပြောရေးကို အစဉ်အမြဲကာကွယ်စောင့်ရှောက်လျက်ရှိသည်ဟု ပြောလိုကြောင်း ပြောကြားခဲ့။
- ဆက်လက်ပြီး ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့တွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှ ဩဂုတ်လ ၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၅၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ပုဂ္ဂိုလ်ကိုသာ ဖိတ်ကြားခဲ့သဖြင့် အာဆီယံပဋိညာဉ်စာတမ်းအပိုဒ်(၅)ပါ ဖော်ပြချက်များကို သိသာထင်ရှားစွာ ချိုးဖောက်နေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကိုယ်စားလှယ်စေလွှတ်တက်ရောက်ခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့။
- အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို ထိပ်သီးအဆင့်အစည်းအဝေးများတွင် ချန်လှပ်ထားရန် ဆုံးဖြတ်လုပ်ဆောင်သည့် အာဆီယံနိုင်ငံအချို့၏ အဆင်အခြင်မဲ့လုပ်ရပ်များသည် အာဆီယံ၏ထိရောက်မှုနှင့် ပုံမှန်လုပ်ငန်းလည်ပတ်မှုများကို ဆိုးရွားစွာ အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း။
- လက်ရှိအချိန်တွင် အာဆီယံ၏အစဉ်အဆက်ထိန်းသိမ်းခဲ့သည့် အခြေခံမူများကို ပြင်ပစွက်ဖက်မှုများ၊ ဖိအားများနှင့် အချို့အဖွဲ့ဝင်နိုင်ငံများ၏လုပ်ရပ်များကြောင့် လျော့ပါးလာသည်ကို စိတ်မကောင်းဖွယ်တွေ့မြင်နေရကြောင်း၊ အာဆီယံ နိုင်ငံအချို့လျှင် ပြင်ပဖိအားများကို မခံနိုင်သည့်အတွက် အာဆီယံပဋိညာဉ်ပါ အခြေခံမူများကိုပင် ပြောင်ပြောင်တင်းတင်းချိုးဖောက်လာကြသည်ကို တွေ့ရှိနေရကြောင်း ပြောကြားခဲ့။
- မိမိကို မီဒီယာတစ်ခုမှ မလေးရှားနိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး စွပ်စွဲပြောကြားခဲ့မှုနှင့်ပတ်သက်ပြီး မေးမြန်းခြင်းများရှိခဲ့သည့်အတွက် မိမိပြန်လည်ဖြေဆိုထားသည်များကို ထပ်ပြီးတင်ပြလိုကြောင်း၊ ပထမဆုံးအနေဖြင့် အာဆီယံဘုံသဘောတူညီချက်(၅)ရပ် လုပ်ဆောင်သည့်အခါတွင် လိုက်ပါလုပ်ဆောင်မှုမရှိဘူးဟုဆိုသည့် စွပ်စွဲပြောဆိုချက်သည် အဖြစ်မှန်ကို လျစ်လျူရှု၍ ကြည့်ချင်သည့်ဘက် တစ်ဖက်ထဲမှကြည့်၍ တစ်ဖက်သတ်ပြောဆိုခြင်းဖြစ်သည်ဟု ပြောလိုကြောင်း၊ အာဆီယံဘုံသဘောတူညီချက်(၅)ရပ်ကို မိမိတို့ စတင်ဆွေးနွေးခဲ့ရာတွင် မြန်မာနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်နေသည့် အခြေအနေများ၊ နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ ထိုအချက်များကို အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်သွားမည်ဟု ပြောဆိုခဲ့ကြောင်း။
- အာဆီယံဘုံသဘောတူညီချက်(၅)ရပ်တွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် လွန်ခဲ့သည့်နှစ်များက ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပြည်တွင်းရှိ PDF၊ NUG စသည့် အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နှောင့်နှေးခဲ့

ရကြောင်းနှင့် ကြိုးစားလုပ်ဆောင်သွားမည်ဆိုသည်ကို လည်း ပြောခဲ့ပြီးဖြစ်ကြောင်း။

- ဘုံသဘောတူညီချက်(၅)ရပ်နှင့်ပတ်သက်၍ မိမိတို့လုပ်ဆောင်နေသည့် နံပါတ်(၁)အချက်ဖြစ်သည့် အကြမ်းဖက်မှုများကို အမြန်ဆုံးရပ်တန့်ရန်နှင့် အားလုံးက ထိန်းထိန်းသိမ်းသိမ်းနှင့် ဝိုင်းဝန်းဆောင်ရွက်သွားရန်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ ၎င်းတို့၏ပြောဆိုချက်များတွင် PDF အမည်ခံ၊ NUG အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် သေဆုံးခဲ့သည့် ပြည်သူများနှင့် ထိခိုက်ဒဏ်ရာရခဲ့သူများ၏အကြောင်းကို တစ်လုံးတစ်ပါဒမျှ ထည့်၍ပြောဆိုခဲ့ခြင်းမရှိကြောင်း၊ အာဆီယံအစည်းအဝေးတွင်လည်း မရှိကြောင်း။
- ယင်းတို့နှင့်ပတ်သက်၍ Asean Envoy လာရောက်သည့်အချိန်တိုင်းတွင် ထိုကိစ္စများကို လျစ်လျူရှုမထားပါနှင့်ဟု ပြောခဲ့ပြီးဖြစ်ကြောင်း၊ Asean Envoy ဟုဆိုရာတွင် ယခု Asean Envoy မှသာ ပြောဆိုခဲ့ခြင်းမဟုတ်ကြောင်း၊ ယခင် Asean Envoy ဖြစ်သည့် ဘရူနိုင်းနိုင်ငံမှ Asean Envoy ကိုလည်း ထိုကဲ့သို့ပင် ပြောပြခဲ့ခြင်းဖြစ်ကြောင်း၊ ယခု၎င်းတို့၏ပြောဆိုမှုများသည် အဖြစ်မှန်များကို လျစ်လျူရှုထားသည်ကို တွေ့ရကြောင်း။
- နံပါတ်(၂)အချက်ဖြစ်သည့် ငြိမ်းချမ်းစွာအဖြေရှာမှုပြုရန်နှင့်ပတ်သက်၍ အာဆီယံအလှည့်ကျဥက္ကဋ္ဌနှင့်တွေ့ဆုံရာတွင်လည်း မိမိတို့အနေဖြင့် ယခုနှစ် နှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားပါမည်ဟု ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ လက်ရှိတွင် EAO များကို အထူးဖိတ်ခေါ်၍ တွေ့ဆုံဆွေးနွေးလျက်ရှိရာ EAO အဖွဲ့(၁၀) ဖွဲ့ဖြင့် ဆွေးနွေးပြီးဖြစ်ကြောင်း၊ EAO များနှင့်တွေ့ဆုံဆွေးနွေးမှုကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။
- နိုင်ငံတော်၏ အဓိကရည်မှန်းချက်တစ်ရပ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို အားလုံးက သဘောတူညီပြီးဖြစ်ကာ လာရောက်တွေ့ဆုံဆွေးနွေးခဲ့သည့် အဖွဲ့တိုင်းနှင့်လည်း သဘောတူညီချက်လက်မှတ်များရေးထိုးနိုင်ခဲ့ကြောင်း၊ ဒုတိယအကျော့ဆွေးနွေးပွဲများကိုလည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း။
- ထို့ပြင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ လာရောက်စဥ်တွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်များ ရှိကြောင်း၊ ထိုအဖွဲ့များနှင့် Asean Envoy ကိုလည်း တွေ့ခွင့်ပေးခဲ့ကြောင်း၊ အမှန်တကယ်လည်း တွေ့ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခဲ့သည်များလည်းရှိကြောင်း၊ ထို့ကြောင့် ဒုတိယအချက်နှင့်ပတ်သက်၍ အဖြေရှာမှုမလုပ်ဘူးဟုဆိုသည့် စွပ်စွဲချက်မှာ တစ်ဖက်သတ်ပြောဆိုချက်သာ ဖြစ်ကြောင်း။
- ၎င်းတို့အနေဖြင့် မိမိတို့က အကြမ်းဖက်အဖြစ်ကြေညာထားသည့်သူများနှင့် တွေ့ဆုံရန် လိုလားနေခြင်းဖြစ်ပြီး ထိုသူများနှင့် တွေ့ဆုံသောကြောင့် ၎င်းတို့လိုချင်သည့် အဖြေကို ရရှိနိုင်မည်လားဆိုသည်ကိုသိလိုကြောင်း၊ ထိုကဲ့သို့လုပ်ဆောင်နေခြင်းဖြင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်ခုလုံးကို ပစ်ပယ်ရာရောက်သည်ဟု မိမိပြောလိုကြောင်း။
- နံပါတ်(၃)အချက်တွင်မူ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ကို သီးသန့်ဆွေးနွေးရာတွင် ပံ့ပိုးကူညီရန်နှင့် လိုအပ်သည့် အကူအညီများကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ပံ့ပိုးရန် ပြောထားသည့်အတွက် မိမိတို့အနေဖြင့် EAO အဖွဲ့များ၊ ငြိမ်းချမ်းရေးအဖွဲ့များနှင့်သာမက နိုင်ငံရေးပါတီများနှင့်ပါ တွေ့ဆုံခွင့်ပေးထားပြီးဖြစ်ကြောင်း၊ မိမိတို့ကန့်သတ်ထားသည့်ကိစ္စမှာ လက်ရှိတရားရင်ဆိုင်နေသည့်အဖွဲ့များမှအပ အခြားသူများနှင့် လွတ်လပ်စွာတွေ့ဆုံနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးထားပြီးဖြစ်သည်ဟု ပြောလိုကြောင်း။
- နံပါတ်(၄)အချက်မှာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးဖြစ်ပြီး မိမိတို့အနေဖြင့် လုပ်ငန်းဆောင်ရွက်မည့် SOP များကိုလည်း သဘောတူပြီးဖြစ်ကြောင်း၊ မည်သည့်နိုင်ငံမျှ ၎င်းတို့၏လုပ်ထုံးလုပ်နည်းများကို ကျော်လွန်၍ လုပ်ပိုင်ခွင့်မပေးကြောင်း၊ လုပ်ပိုင်ခွင့်ပေးသည့်နိုင်ငံများရှိပါက မိမိကို ပြစေလိုကြောင်း၊ ၎င်းတို့၏ ဦးတည်ချက်မှာ အကြမ်းဖက်သမားများကို သီးသန့် ၎င်းတို့အစီအစဥ်ဖြင့် ပေးလိုသည့်သဘောကို ဦးတည်ပြီး ပြောနေခြင်းဖြစ်သောကြောင့် ထိုကိစ္စကို မည်သည့်နိုင်ငံမှ လိုက်လျောနိုင်မည်မဟုတ်ကြောင်း။
- အာဆီယံဥက္ကဋ္ဌ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ လာရောက်ပြီး သက်ဆိုင်သူများနှင့် တွေ့ဆုံရန် မိမိတို့နှင့် ပြောပြီးဖြစ်ကြောင်း၊ မည်သည့်နိုင်ငံမှ တရားဥပဒေ ရင်

ဆိုင်နေရသည့်သူနှင့် တွေ့ခွင့်ပေးခြင်းမျိုးမရှိကြောင်း၊ မိမိတို့နိုင်ငံ၏ရပ်တည်ချက်မှာလည်း ထိုအတိုင်းသာဖြစ်ကြောင်း။

- မိမိတို့ကို စွပ်စွဲပြောဆိုသည့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ စွပ်စွဲပြောဆိုချက်များနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် မလေးရှားနိုင်ငံ၌ ကိုဗစ်ဖြစ်ပွားမှုများ များပြားခဲ့ကြောင်း၊ ထိုအချိန်တွင် မြန်မာနိုင်ငံက ဖမ်းဆီးခံထားရသည့် မြန်မာနိုင်ငံသားများ၊ ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများကို တပ်မတော်စစ်ရေယာဉ် ၃ စင်းနှင့် သွားရောက်ခေါ်ဆောင်ခဲ့ပြီး လူပေါင်း ၁,၀၈၀ ဦးပါကြောင်း၊ ၎င်းတို့၏ထပ်ဆင့်တောင်းဆိုချက်များအရ မိမိတို့အနေနှင့် မလေးရှားနိုင်ငံကို ဆက်သွယ်ခဲ့ကာ မိမိတို့နိုင်ငံကလာပြီး မိမိတို့စရိတ် မိမိတို့အကုန်ခံပြီး လာခေါ်မည်ဆိုသည်ကိုပင် အခေါ်မခံနိုင်သည့် အနေအထား ဖြစ်ကြောင်း။
- မိမိတို့အနေဖြင့် ကျန်ရှိနေသူများကို ထပ်မံ၍ သွားရောက်ခေါ်ယူလိုသော်လည်း လူ့အခွင့်အရေးအကြောင်းပြချက်များ၊ နိုင်ငံရေးအကြောင်းပြချက်များ၊ ရောယှက်မှုများကြောင့် သွားရောက်ခေါ်ဆောင်နိုင်ခြင်းမရှိခဲ့ကြောင်း၊ ထိုနိုင်ငံ အနေနှင့် မိမိနိုင်ငံကို အပြစ်ပြောဆိုနေခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများကို စွပ်စွဲပြောဆိုနေသော်လည်း ၎င်းတို့နိုင်ငံအတွင်းတွင်မူ လူ့အခွင့်အရေးနှင့် ပတ်သက်ပြီးဖြစ်စေ၊ အလုပ်သမားအခွင့်အရေးနှင့်ပတ်သက်ပြီးဖြစ်စေ စံချိန်နှစ်မျိုးဖြင့် ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေသည့်နိုင်ငံဖြစ်သည်ဟု ပြောလိုကြောင်း။
- ယင်းနေရာတွင် ပြည်ဖျက်မီဒီယာများ၏ သတင်းမှားထုတ်လွှင့်မှု၊ သတင်းမှန်များကို ဖုံးကွယ်မှုများ၏ အကျိုးရလဒ်အနေဖြင့် မကြာသေးမီက နိုင်ငံတော်အဆင့် ဧည့်သည်တော်တစ်ယောက် မြန်မာနိုင်ငံကိုရောက်လာကြောင်း၊ ၎င်းတို့နိုင်ငံ၏ မီဒီယာများက ဖော်ပြချက်၊ အခြားပြည်ဖျက်မီဒီယာများ၏ ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် အခြေအနေတော်တော်ဆိုးနေပြီ၊ ရန်ကုန်၊ နေပြည်တော်ကဲ့သို့သော ဒေသများတွင်ပင် လူများမသွားရဲ၊ မလာရဲဖြစ်နေပြီ၊ ပစ်ခတ်တိုက်ခိုက်မှုများ အချိန်ပြည့်ဖြစ်နေပြီ၊ မည်သည့်နေရာမှ မလုံခြုံတော့ဘူးဟူ၍ ထင်မိသည်ဟုပြောကြောင်း၊ ယခုရောက်လာသည့်အခါတွင် တခြားစီဖြစ်နေကြောင်း၊ ရန်ကုန်လေဆိပ်မှ မြို့ထဲသွားသည့်အခါတွင်လည်း ပုံမှန်ဖြစ်ပြီး ရန်ကုန်မှ နေပြည်တော်လာသည့်အခါတွင်လည်း ပုံမှန်အတိုင်းဖြစ်နေကြောင်းကို လက်တွေ့တွေ့ခဲ့ရကြောင်း၊ ၎င်းတို့အကြား၊ ၎င်းတို့အထင်များ တလွဲဖြစ်နေသည်ကို နိုင်ငံတော် အကြီးအကဲကို ပြောခဲ့ကြောင်း။
- မိမိတို့နိုင်ငံတွင် စာတတ်မြောက်မှုနှုန်းက ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး အလယ်အလတ်အဆင့်ဖြစ်ကြောင်း၊ မိမိရည်ညွှန်းပြောဆိုသွားသည့် ဂျပန်နိုင်ငံသည် စာတတ်မြောက်မှုနှုန်းသည် ရာနှုန်းပြည့်ဖြစ်ကြောင်း၊ ယင်းကဲ့သို့သော နိုင်ငံပင်လျှင် မီဒီယာများ၏ လှည့်စားမှုကို ခံနေရသည်ကို တွေ့ရကြောင်းပြောကြားခဲ့။
- ဆက်လက်ပြီး အုပ်ချုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် ပိုမိုအဆင်ပြေ ချောမွေ့စေရေးအတွက် ခရိုင်များထပ်မံတိုးချဲ့ဖွဲ့စည်းပေးခဲ့သကဲ့သို့ ခရိုင် ၅၀ ရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။
- မိမိတို့နိုင်ငံ၌ ခရိုင်ပေါင်း ၁၂၇ ခရိုင်ရှိကြောင်း၊ ပထမအဆင့်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုတွဲဖက်သည့် အထက်တန်းကျောင်းပေါင်း ၅၀ ဖွင့်လှစ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းဖွင့်လှစ်မည့်မြို့များ ရွေးချယ်ရာတွင် ဒေသအတွင်းရှိ စိုက်ပျိုးနေသည့် မြေဧရိယာနှင့် မွေးမြူနေသည့် တိရစ္ဆာန်ယူနစ်များဖြင့် ချိန်ထိုးဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒေသအခြေအနေ ဦးစားပေးအလိုက် ပထမဦးစားပေးခရိုင် ၅၀၊ ဒုတိယဦးစားပေးခရိုင် ၃၀ နှင့် တတိယဦးစားပေးခရိုင် ၂၀၊ စုစုပေါင်းခရိုင် ၁၀၀ တွင် ဖွင့်လှစ်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။
- ဆက်လက်ပြီး အကြမ်းဖက် NUG နှင့် PDF အဖွဲ့အစည်းများ၏ဒေသအချို့တွင် ဖြစ်ပွားနေသည့် လုပ်ဆောင်မှုများနှင့်ပတ်သက်၍ ပထမဦးဆုံး ရန်ကုန်တိုင်း ပြည်သူ့တပ်မဟာအဖွဲ့ဆိုသည်မှ ထုတ်ပြန်ချက်ကို ပြောကြားလိုကြောင်း၊ NUG အဖွဲ့က စစ်ရေးအရကူညီပံ့ပိုးပေးမည်၊ ဩဂုတ်လ ၇ ရက်နေ့မှစ၍ လှိုင်း ၃ လှိုင်းနှင့် လုပ်မည်စသဖြင့် ပြောကြကြောင်း၊ တရားဥပဒေစိုးမိုးရေးကို တစ်ဘက်တစ်လမ်းက တာဝန်ထမ်းဆောင်နေသည့် တရားရုံးက ဝန်ထမ်းများနှင့် အခြားဝန်ထမ်းများကို ပစ်မှတ်ထားခြင်းဖြစ်ကြောင်း။
- လက်နက်မကိုင်ထားသည့် အရပ်သားပစ်မှတ်များကို ဒလန်ဟုစွပ်စွဲပြီး သတ်၊ သတင်းပေးဟု စွပ်စွဲပြီးသတ်၊ ၎င်းတို့ကို မထောက်ခံလည်းသတ်၊ ကြားနေလည်း သတ်၊ ဝန်ထမ်း

လည်းသတ်၊ ကိုးကွယ်ရာ ရဟန်းသံဃာပါမချန် သတ်နေသည်မှာ တော်လှန်ရေးဆိုသည်လားဟု မေးလိုကြောင်း။

- ပြည်သူတစ်ရပ်လုံးက ထောက်ခံသည်ဆိုပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ မည်မျှက ထောက်ခံနေသည်၊ ပေါင်းနေသည်၊ အကယ်၍ ပေါင်းနေသည်ဆိုပါက ၎င်းတို့ အမိန့်ပေးသည်ကို ပေါင်းနေသည်ဆိုသည့် တိုင်းရင်းသားလက်နက်ကိုင်များက လက်ခံပါသလားဆိုသည်ကို သတိပြုစဉ်းစားစေလိုပါကြောင်း၊ သက်တမ်းရှည်နေပြီဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ EAO အဖွဲ့များမဆိုထားနှင့် မကြာမီကမှ ပေါ်လာသည့် PDF အမည်ခံ အကြမ်းဖက်ခေါင်းဆောင်တစ်ဦး မီဒီယာများနှင့် တွေ့ဆုံပြောဆိုထားသည်ကို မီဒီယာများသိပြီးဖြစ်မည်ဖြစ်ကြောင်း ပြောကြား၍ ၎င်း၏ပြောစကား Video File ကို ဖွင့်လှစ်ပြသခဲ့။
- ဆက်လက်၍ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်အတွင်း ဩဂုတ်လ ၉ ရက်တွင် KNDF အမည်ခံပြီး ဒီးမော့ဆိုမြို့နယ်က ရွာသူ၊ ရွာသားများအား ရွာထဲမှ ထွက်ရန်၊ တောထဲရောက်နေသည့် ရွာသူ၊ ရွာသားများကို ရွာထဲပြန်မဝင်ရန် ကြေညာချက်ထုတ်ပြန်ထား၍ ကိုယ့်တိုင်းရင်းသား၊ ကိုယ့်လူမျိုးများကို ရွာထဲတွင် မနေစေလိုသူ၊ တောထဲနေစေလိုသူက မည်သူဆိုသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ အဖြေသည် အလှူခံရန်အတွက်သာဖြစ်ကြောင်း။

ဩဂုတ်လ ၁၂ ရက်နေ့ နေ့လယ် ၂ နာရီတွင် သဃ်န်းကျွန်း လဝကရုံး၌ အကြမ်းဖက်နှစ်ဦးက လဝကဦးစီးမှူးနှင့် ရုံးအဖွဲ့မှတ်ပုံတင် ကိစ္စများဆောင်ရွက်နေသည့် ပြည်သူလူထုထဲကို ဝင်ရောက်ပစ်ခတ်ခဲ့ကြောင်း၊ ဦးစီးမှူး သေနတ်ဒဏ်ရာရရှိခဲ့ပြီး ဒုတိယဦးစီးမှူးက ရှပ်ရှပ်ချုံချုံခုခံရင်းနှင့်ကျဆုံးခဲ့သည်ကို အားလုံးသိပြီးဖြစ်မည်ဖြစ်ကြောင်း၊ ဒုတိယဦးစီးမှူး ဦးကျော်မိုးနှင့်ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြုချီးကျူးဂုဏ်ပြုပါကြောင်းနှင့် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ပြီး လိုအပ်သည့် စောင့်ရှောက်မှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်းကို ပြောကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၂-၈-၂၀၂၂)**

- **ခရီးသွားပြည်သူများ၊ ယာဉ်လိုင်းများအနေဖြင့် မသင်္ကာစရာတွေ့ရှိလျှင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများအနေဖြင့် NUG၊ PDF အမည်ခံ အကြမ်းဖက်သမား၏ ခရီးသည်တင်ယာဉ်လိုင်းများကို တိုက်ခိုက်မှု၊ ခရီးသည်များကို ဓားစာခံလုပ်နေမှု၊ လူသားတံတိုင်းသဖွယ် အသုံးချမှုများကို သိရှိရန်နှင့် အကြမ်းဖက်လုပ်ရပ်များကို အားမပေးရန် မိမိအနေဖြင့် တိုက်တွန်းလို။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တာဝန်ထမ်းဆောင်မှု ၁၈ လတာကာလ အခြေအနေများနှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံ၏အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂)တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ထမ်းဆောင်နေရစဉ်အတွင်း ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်းပြီး ပြောကြားခဲ့။**
- **ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရန် လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် အလွန်အရေးကြီးသဖြင့် ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲစာရင်းများပြည့်စုံမှန်ကန်ရန် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး ပူးပေါင်းပြုစုဆောင်ရွက်ခြင်း၊ နိုင်ငံရေးပါတီများ စစ်ဆေးခြင်း၊ မဲဆန္ဒရှင်များ ပြုစုခြင်းစသည့် ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိ။**
- **ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် နိုင်ငံရေးရာထူးတာဝန်ထမ်းဆောင်ခဲ့သည့် NLD လွှတ်တော်ကိုယ်စားလှယ် ၂၁၇ ဦး အပါအဝင်၊ လွှတ်တော်ကိုယ်စားလှယ် ၄၉၁ ဦးကို နိုင်ငံရေးပင်စင်ခံစားခွင့်ပြုခဲ့။**
- **နိုင်ငံခြားဆက်ဆံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးအကောင်အထည်ဖော်နေသည့်နိုင်ငံဖြစ်ပြီး နိုင်ငံတကာဖြင့် "အမြဲတမ်းမိတ်ဆွေနိုင်ငံ" ဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိ။**




- ရုရှား-မြန်မာနှစ်နိုင်ငံ မိတ်ဆွေရင်းညီအစ်ကိုနိုင်ငံများဖြစ်သည့်အတွက် သံတမန်ဆက်ဆံမှု ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် ရုရှားနိုင်ငံ၌ မြန်မာနိုင်ငံဆိုင်ရာကောင်စစ်ဝန်ရုံးနှစ်ခုအား ထပ်မံဖွင့်လှစ်သွားမည်ဖြစ်သလို မြန်မာနိုင်ငံတွင်လည်း ရုရှားကောင်စစ်ဝန်ရုံးများ ထပ်မံဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်။
- လက်ရှိတွင်ဖြစ်ပေါ်ခဲ့သည့် အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ တရုတ်တိုင်ပေသို့ ရုတ်တရက်ဝင်ရောက်ခဲ့သည့်ခရီးစဉ်တွင် တရုတ်တစ်နိုင်ငံတည်းမူဝါဒအပေါ် အတိအလင်း ချိုးဖောက်မှုဖြစ်သည်ဟု မိမိတို့နိုင်ငံအနေဖြင့် နားလည်လက်ခံ၍ ယင်းခရီးစဉ်သည် မိမိတို့ဒေသတွင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်လာစေနိုင်။
- တရုတ်နိုင်ငံပြန်လည်ပေါင်းစည်းရေးအတွက် တရုတ်ကွန်မြူနစ်ပါတီနှင့် တရုတ်အစိုးရအဆက်ဆက်ကြိုးစားဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအဖြစ်လည်းကောင်း၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံအဖြစ် လည်းကောင်း၊ ဆွေမျိုးပေါက်ဖော်နိုင်ငံအဖြစ်လည်းကောင်း ခိုင်မာစွာရပ်တည်သွားမည်ဖြစ်။
- (၅၅)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုသာ ဖိတ်ကြားခဲ့သဖြင့် အာဆီယံပဋိညာဉ်စာတမ်းအပိုဒ် (၅)ပါဖော်ပြချက်များကို သိသာထင်ရှားစွာ ချိုးဖောက်နေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကိုယ်စားလှယ်စေလွှတ်တက်ရောက်ခဲ့ခြင်းမရှိ။
- မိမိတို့ကို စွပ်စွဲပြောဆိုသည့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ စွပ်စွဲပြောဆိုချက်များနှင့်ပတ်သက်၍ ထိုနိုင်ငံအနေနှင့် မြန်မာနိုင်ငံကို အပြစ်ပြောဆိုနေခြင်းဖြစ်ပြီး အခြားနိုင်ငံများကို စွပ်စွဲပြောဆိုနေသော်လည်း ၎င်းတို့နိုင်ငံအတွင်းတွင်မူ လူ့အခွင့်အရေးနှင့် ပတ်သက်ပြီးဖြစ်စေ၊ အလုပ်သမားအခွင့်အရေးနှင့် ပတ်သက်ပြီးဖြစ်စေ စံချိန်နှစ်မျိုးဖြင့် ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေသည့်နိုင်ငံဖြစ်သည်ဟု ပြောလို။
- လက်နက်မကိုင်ထားသည့် အရပ်သားပစ်မှတ်များကို ဒလန်သတင်းပေးဟုစွပ်စွဲပြီး သတ်၊ ၎င်းတို့ကို မထောက်ခံလည်းသတ်၊ ကြားနေလည်းသတ်၊ ဝန်ထမ်းလည်းသတ်၊ ကိုးကွယ်ရာ ရဟန်းသံဃာပါမချန် သတ်နေသည်မှာ တော်လှန်ရေးဆိုသည်လားဟု မေးမြန်းလို။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ချပြရှင်းလင်းခဲ့သည့် Powerpoint Slides များ














# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၏ ရှင်းလင်းပြောကြားချက်များမှ ကောက်နုတ်ချက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက-

- ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် NLD ပါတီ အစိုးရအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ် အဆင့်ဆင့်တွင် အုပ်ချုပ်ရေးအာဏာနှင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို အလွဲသုံးပြီး နိုင်ငံတော်အာဏာကို မတရားရယူရန် ကြံစည်လုပ်ဆောင်ခဲ့ကြောင်း။
- ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်လုပ်ဆောင်ခဲ့ကြောင်းတွေ့ရသည့်အတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၏ရလဒ်ကို ဥပဒေနှင့်အညီ ပယ်ဖျက်ခဲ့ရပြီး ထိုဖြစ်စဉ်တွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့သူများကိုလည်း အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း။
- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဖြစ်ပွားခဲ့သည့် အမှုပေါင်း ၁,၀၇၇ မှုရှိခဲ့ပြီး ၎င်းတို့အနက် ရွေးကောက်ပွဲဥပဒေနှင့် အရေးယူဆောင်ရွက်ခဲ့သည့် အမှု ၅၄၆ မှု ရှိပါကြောင်း၊ ယင်းအမှုများနှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ကရရှိသည့် စာရင်းဇယားများအရ တရားစွဲတင်ပြီး ၃၄၅ မှု၊ ပိတ်သိမ်း ၂၀၀ မှုနှင့် ဥပဒေအကြံပြုချက်တောင်းခံဆဲ ၁ မှု တို့ဖြစ်ပါကြောင်း။
- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသည့် သမ္မတဟောင်းနှင့် အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်းနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဟောင်း ဦးမင်းသူ ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဟောင်းများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီအောင်နိုင်ရေးအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအပါအဝင် ကျူးလွန်သူ ၅၀၅ ဦးကို ဥပဒေနှင့်အညီအရေးယူနိုင်ရန် အမှုတွဲ ၃၅၀ မှုဖြင့် တရားစွဲဆိုရေး ဆောင်ရွက်လျက်ရှိပြီး ပြီးစီးမှုအနေဖြင့် ကျူးလွန်သူ ၂၃၉ ဦးကို အမှုတွဲအရေအတွက် ၁၉၅ မှုနှင့် တရားစွဲဆိုခဲ့ရာ ပြစ်ဒဏ်ချမှတ်ပြီး ၁၂၁ မှုနှင့် ပြစ်ဒဏ်ချမှတ်ရန်ကျန် ၇၄ မှု ဖြစ်ကြောင်း။
- ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ကြီးကြပ်ကွပ်ကဲရန် ပျက်ကွက်ခဲ့သည့် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ပေါင်း ၂,၄၄၉ ဦးကိုလည်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ကျူးလွန်သူ ၂,၁၉၁ ဦးကို အမှုတွဲအရေအတွက် ၃၇၅ မှုနှင့် တရားစွဲဆိုခဲ့ရာ ပြစ်ဒဏ်ချမှတ်ပြီး ၃၇၄ မှုနှင့် ပြစ်ဒဏ်ချမှတ်ရန်ကျန် ၁ မှုတို့ ဖြစ်ပါကြောင်း။
- ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်တစ်ဦးတည်းက မဲနှစ်ကြိမ်ပေးခဲ့ခြင်းများကိုလည်း စိစစ်ဖော်ထုတ်အရေးယူလျက်ရှိပါကြောင်း။
- ဒီမိုကရေစီစနစ်၏ အခြေခံသည် ရွေးကောက်ပွဲများဖြစ်သဖြင့် ယင်းရွေးကောက်ပွဲများသည် လွတ်လပ်ပြီးတရား


မျှတသည့် ရွေးကောက်ပွဲဥပဒေနှင့်အညီ ဆောင်ရွက်သော သန့်ရှင်းသည့် ရွေးကောက်ပွဲများဖြစ်ရန်လိုပါကြောင်း။

- အခြေခံမဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းရှေ့ပြေးလုပ်ငန်းစီမံချက်(Pilot Project)ကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း။
- မြေပြင်လူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာနှင့် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တာဝန်ခံကော်မရှင်အဖွဲ့ဝင်များက အနီးကပ်စစ်ဆေးကြပ်မတ်ဆောင်ရွက်ခဲ့ပါကြောင်း။
- မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်တွင် ဆောင်ရွက်ခဲ့ရာ ယခုအခါ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စစ်ဆေးပြီးစီးမှုစာရင်းချုပ်များရရှိပြီး ဖြစ်ပါကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အလိုက် စစ်ဆေးပြီးဖြစ်သည့် အခြေခံလူဦးရေစာရင်းချုပ်များကို ရယူပြီး ကနဦးမဲဆန္ဒရှင်များစိစစ်ခြင်း( Initial Voter List Scrutinizer – IVLS Software)အသုံးပြုစိစစ်ခြင်းနှင့် တွေ့ရှိချက် မြေပြင်အခြေအနေများကို သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ပေးပို့လျက်ရှိပါကြောင်း။
- မြေပြင်စိစစ်တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများက စစ်ဆေးပြင်ဆင်အတည်ပြုပြီး ပြန်လည်ပေးပို့သည့်စာရင်းများကို ရယူ၍ လစဉ် Update လုပ်ခြင်းကို လာမည့်စက်တင်ဘာလက စတင်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။
- ယခုချိန်အထိ တိုင်းဒေသကြီး/ ပြည်နယ် ၁၂ ခု နှင့် ပြည်ထောင်စုနယ်မြေ၏ အခြေခံလူဦးရေစာရင်းချုပ်များကို (Initial Voter List Scrutinizer – IVLS Software)ဖြင့် စစ်ဆေးခြင်းများ ဆောင်ရွက်ပြီးဖြစ်ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် ၂ ခုတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စဉ်ဆက်မပြတ် Update လုပ်ခြင်းဖြင့် ရွေးကောက်ပွဲပြုလုပ်ချိန်တွင် ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများရရှိမည်ဖြစ်ကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနှင့် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးဆောင်ရွက်ခြင်း၊ ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်နှင့်အညီ ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်အသိပညာပေးဆိုင်ရာများဆောင်ရွက်ခြင်း၊ လူသားအရင်းအမြစ်များ ဖြည့်တင်းလေ့ကျင့်ခြင်းနှင့် အခြေခံအဆောက်အအုံဖြစ်သည့် ရုံးဌာနများတည်ဆောက်ခြင်းတို့ လုပ်ဆောင်လျက်ရှိပါကြောင်း။
- တစ်ချိန်တည်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံကော်မရှင်အဖွဲ့ဝင်များသည် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများကို ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်ဖြစ်သည့် အချိုးကျကိုယ်စားပြုစနစ် (PR) နှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် လုပ်ငန်းစဉ် (၁)ပါ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ် (၅)နှင့်အညီလွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၂-၈-၂၀၂၂)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ချပြရှင်းလင်းခဲ့သည့် Powerpoint Slides များ







- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဖြစ်ပွားခဲ့သည့် အမှုပေါင်း ၁,၀၇၇ မှုရှိခဲ့ပြီး ၎င်းတို့အနက် ရွေးကောက်ပွဲဥပဒေနှင့် အရေးယူဆောင်ရွက်ခဲ့သည့် အမှု ၅၄၆ မှု ရှိ၊ ယင်းအမှုများနှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ကရရှိသည့် စာရင်းဇယားများအရ တရားစွဲတင်ပြီး ၃၄၅ မှု ၊ ပိတ်သိမ်း ၂၀၀ မှုနှင့် ဥပဒေအကြံပြုချက်တောင်းခံဆဲ ၁ မှု တို့ဖြစ်။
- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်သူ ၅၀၅ ဦးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရန် အမှုတွဲ ၃၅၀ မှုဖြင့် တရားစွဲဆိုရေးဆောင်ရွက်လျက်ရှိပြီး ပြီးစီးမှုအနေဖြင့် ကျူးလွန်သူ ၂၃၉ ဦးကို အမှုတွဲအရေအတွက် ၁၉၅ မှုနှင့် တရားစွဲဆိုခဲ့ရာ ပြစ်ဒဏ်ချမှတ်ပြီး ၁၂၁ မှုနှင့် ပြစ်ဒဏ်ချမှတ်ရန်ကျန် ၇၄ မှု ဖြစ်။
- ဒီမိုကရေစီစနစ်၏ အခြေခံသည် ရွေးကောက်ပွဲများဖြစ်သဖြင့် ယင်းရွေးကောက်ပွဲများသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ ဥပဒေနှင့်အညီ ဆောင်ရွက်သော သန့်ရှင်းသည့် ရွေးကောက်ပွဲများ ဖြစ်ရန်လို။
- အခြေခံမဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက် (Pilot Project)ကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် လုပ်ငန်းစဉ် (၁)ပါလုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိ။
- အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ်(၅)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေး ကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေကောက်နုတ်ချက်များ

**NP News သတင်းဌာနက** ယခုအချိန်တွင် လာမည့် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ စတင်လုပ်ဆောင်နေခြင်းမရှိသေးပါက ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် အချိန်ကာလမှာ Limit ဖြစ်နေသည်ကို တွေ့ရသည့်အတွက် မည်သည့်အတွက်ကြောင့် လုပ်ငန်းများစတင်ခြင်း မရှိသေးကြောင်းနှင့် ရွေးကောက်ပွဲတွင် ပါတီဝင်အရေအတွက် ကန့်သတ်ရန်အစီအစဉ်ရှိပါက မည်မျှရှိလျှင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိမည်၊ သတ်မှတ်ထားသည့် ပါတီဝင်အရေအတွက် မပြည့်မီပါက ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိဟုဆိုသည့် ကန့်သတ်ချက်မျိုး ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းချက်ကို-



**NP News သတင်းဌာနမှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ရွေးကောက်ပွဲများအတွက် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲအကြိုကာလ ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲအလွန်ကာလ လုပ်ငန်းစဉ်များဟူ၍ရှိသဖြင့် အဆိုပါလုပ်ငန်းစဉ်များအတိုင်း Timeline များ၊ Schedule များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ယခုကျင်းပမည့် ရွေးကောက်ပွဲမှာမူ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး ကျင်းပရမည့် ရွေးကောက်ပွဲဖြစ်ကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မည်သို့ပင်ဖြစ်စေကာမူ သတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း။
- ရွေးကောက်ပွဲကျင်းပရာတွင် အရေးကြီးသည့်အချက်များမှာ ဥပဒေမူဘောင်များ၊ ဥပဒေများ၊ နည်းဥပဒေများဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လိုအပ်သလို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။
- အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ရွေးကောက်ပွဲကို ၆ လအတွင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၆ လအတွင်း ရွေးကောက်ပွဲများကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပြီး ဆောင်ရွက်ရမည့်အနေအထားသို့ ရောက်ရှိပါက သတ်မှတ်ချက်နှင့်အညီ ရွေးကောက်ပွဲကို ကျင်းပပေးသွားမည်ဖြစ်ကြောင်း။
- ပါတီများနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို အသစ်ပြဋ္ဌာန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီများအနေဖြင့် အင်အားတောင့်တင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပါတီရုံးခန်းများလည်း စနစ်တကျရှိရန် လိုအပ်မည်ဖြစ်ကြောင်း။
- ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည့် ကိုယ်စားလှယ်လောင်းအရေအတွက် ပိုမိုများပြားလာမည့် သဘောသဘာဝရှိကြောင်း၊ ထိုအချက်အလက်များကို ကြိုတင်မြော်တွေး၍ ဥပဒေထဲတွင်ထည့်သွင်းပြဋ္ဌာန်းထားကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးပါက အချိန်နှင့်တစ်ပြေးညီတင်ပြသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

**People News Agency က** ဥပဒေအသစ်များ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာများနှင့်ပတ်သက်ပြီး တရားဝင်နိုင်ငံရေး ပါတီများနှင့်တွေ့ဆုံရန် အစီအစဉ်၊ ယင်းတို့၏ အကြံဉာဏ်ကို နားထောင်သွားရန် ရှိ/မရှိ သိလိုကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအသစ်တွင် တစ်နိုင်ငံလုံးတွင် ဝင်ပြိုင်မည့် နိုင်ငံရေးပါတီများက စပေါ်ငွေ သိန်းတစ်ထောင် တင်ရမည်၊ ပါတီဝင်များ သိန်းတစ်ရာတင်ရမည် ဆိုသည့် ကောလာဟလများက နိုင်ငံရေးပါတီများတွင် ပျံ့နှံ့နေပါ

ကြောင်း၊ အဆိုပါအခြေအနေနှင့်ပတ်သက်ပြီး ရှင်းပြပေးစေလိုကြောင်း မေးမြန်းချက်ကို-



**People News Agency မှ သတင်းထောက် ဦးကျော်စိုးဦး**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** နိုင်ငံရေးပါတီများနှင့်တွေ့ဆုံခြင်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ၊ မေလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် စုစုပေါင်း ၄ ကြိမ်တွေ့ဆုံပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီအများစု တက်ရောက်ကြကြောင်း။
- ယခင်ရွေးကောက်ပွဲများတွင် ဖြစ်ပေါ်ခဲ့သည်များကို သုံးသပ်ပြီး လာမည့်ရွေးကောက်ပွဲ မြန်မာနိုင်ငံနှင့် သင့်တော်သည့် အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးနိုင်ရေးတို့ကို ဆွေးနွေးနိုင်ခဲ့ကြောင်း။
- ဥပဒေ/နည်းဥပဒေများ ပြဋ္ဌာန်းပြီးသည့် အချိန်၊ အခြားအကြောင်းကိစ္စများ ပေါ်ပေါက်လာသည့်အခါတွင် ပေါ်ပေါက်လာသည့်အပေါ် မူတည်ပြီး နိုင်ငံရေးပါတီများနှင့် မိမိတို့ကော်မရှင်နှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း။
- ပါတီတစ်ခုအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီ၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုတွင် စည်းရုံးမည့်ပါတီဟုရှိပြီး ထိုက်သင့်သည့် လူအင်အား၊ ထိုက်သင့်သည့် ငွေကြေးအင်အား၊ ထိုက်သင့်သည့် ရုံးခန်းများ၊ ထိုက်သင့်သည့် ပါဝင်ယှဉ်ပြိုင်နိုင်မှုရှိရမည်ဖြစ်သည့်အတွက် ထိုက်သင့်သည့်အတိုင်း သတ်မှတ်ရေးဆွဲထားကြောင်း၊
- ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေကို သီးခြားတင်ရခြင်းဖြစ်ကြောင်း၊ သတ်မှတ်ထားသည့်အာမခံဝင်ခွင့်ကို တင်ရမည်ဖြစ်ကြောင်း၊ ပါတီကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် တင်ပေးနိုင်သည့် ငွေပမာဏဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

**NP News Agency က** လူမှုကွန်ရက်၌ ကျယ်ပြန့်စွာအသုံးပြုလာသည့် Facebook ပေါ်မှအစပြုပြီး အမျိုးသားလုံခြုံရေးနှင့်ပတ်သက်သည့် လူဦးရေအချက်အလက်များ၊ လျှို့ဝှက်များပေါက်ကြားရုံတင်မက အမျိုးသားစရိုက်လက္ခဏာများ၊ ယဉ်ကျေးမှုများ၊ ရိုးရာဘာသာတရားများ တိမ်မြုပ်လာခြင်းစသည့် အမျိုးသားလုံခြုံရေးစည်းများကျိုးပေါက်မှုကို မည်ကဲ့သို့ကာကွယ်မည်ကို သိလိုကြောင်း မေးမြန်းချက်ကို-



**NP News သတင်းဌာနမှ ရုပ်သံတင်ဆက်သူ ဒေါ်သီရိ**

- **ဗိုလ်ချုပ် ဖော်မင်းထွန်းက** လူမှုကွန်ရက်စာမျက်နှာနှင့် Facebook သည် မိမိတို့၏အမျိုးသားရေးစရိုက်လက္ခဏာအသီးသီးအပေါ် (National Identity)၊ ယဉ်ကျေးမှုအပေါ်၊ နိုင်ငံရေးအပေါ် တော်တော်များများ လွှမ်းမိုးမှုရှိသည်ကို တွေ့ရကြောင်း၊ အများအားဖြင့် နိုင်ငံရေးမငြိမ်မသက်ဖြစ်အောင် လုပ်ခြင်းဖြစ်ကြောင်း၊ ယခုလောလောဆယ်ဖြစ်နေသည့် ဆူပူအကြမ်းဖက်မှုများကို အများဆုံး လှုံ့ဆော်နေသည်မှာ Facebook ပေါ်က ဖြစ်ကြောင်း။
- Facebook ကိုင်တွယ်နေသည့်သူများ၊ Facebook နှင့်ပတ်သက်ပြီး ကိုင်တွယ်နေသည့် အဖွဲ့အစည်းက ၎င်းတို့အနေဖြင့် အမြဲတမ်းစောင့်ကြည့်နေသည်၊ ၎င်းတို့ပြောနေသည့် Social Standard နှင့်မကိုက်ညီသည်များကို ပယ်ဖျက်နေသည်ဟု အမျိုးမျိုးပြောနေကြောင်း၊ အမှန်တကယ်မြန်မာနိုင်ငံအနေဖြင့် Facebook ပေါ်တွင် အဖျက်ခံနေရခြင်းသည် အမျိုးသားရေး၊ နိုင်ငံတော်၏ အခြေခံယဉ်ကျေးမှု မူလဖြစ်သည့် အမျိုးဘာသာ သာသနာနှင့်ပတ်သက်လာပြီး တင်နေသည်များကို အမြဲတမ်းအဖျက်ခံနေရခြင်းကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

- စစ်ကိုင်းဖြစ်စဉ်၌ ခရီးသည်တင်ကားပေါ်တွင် PDF အကြမ်းဖက်များလိုက်လာပြီး ခရီးသည်များကို အကာအကွယ်ယူပြီး ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်ခဲ့ခြင်းများကို လူမှုကွန်ရက်ပေါ်တွင် Live လွှင့်ပြီး တင်နေသည်ကို အတင်မခံခဲ့ကြောင်း၊ မကြာခဏဖြုတ်ချခံခဲ့ရကြောင်း၊ ယခုအချိန်အတွင်း မည်မျှအဖြုတ်ချခံနေရသည်ကို ပြန်လေ့လာကြည့်လျှင် သိနိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေ ကြားခဲ့။

**NP News သတင်းဌာနက** ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် EAO အဖွဲ့ (၁၀)ဖွဲ့နှင့်တွေ့ဆုံခဲ့ပြီး ရလဒ်ကောင်းများရရှိခဲ့သည်ဟု သတင်းစကားများ ကြားရကြောင်း၊ ထိုကဲ့သို့ EAO အဖွဲ့များနှင့်တွေ့ဆုံသကဲ့သို့ နိုင်ငံရေးပါတီများနှင့်လည်း တွေ့ဆုံမည်ဟုဆိုသည့်သတင်းများကိုလည်း ကြားသိနေရသောကြောင့် ထိုသတင်းမှာ အမှန်တကယ် ဟုတ်၊ မဟုတ်နှင့် အမှန်တကယ်ဖြစ်ပါက မည်သည့်အချိန်ခန့်တွင် တွေ့ဆုံမည်ကိုသိလိုကြောင်း မေးမြန်းချက်ကို-



NP News သတင်းဌာနမှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** EAO(၁၀)ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ထိုအဖွဲ့များနှင့် ဒုတိယအကြိမ်ထပ်မံတွေ့ဆုံဆွေးနွေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ တွေ့ဆုံခဲ့ပြီးဖြစ်သည့် EAO(၁၀)ဖွဲ့က ပြောကြားခဲ့သည့် အကြံပြုချက်များ၊ လိုလားချက်များ၊ တိုက်တွန်းချက်များရှိကြောင်း၊ ထိုအကြောင်းအရာများနှင့်ပတ်သက်၍ မိမိတို့အစိုးရအနေဖြင့် အလေးအနက်ထား မှတ်သား၍ ဆောင်ရွက်လျက်ရှိကြောင်း။
- ယခုလက်တလောတွင် နိုင်ငံရေးပါတီများနှင့်တွေ့ဆုံရန်အစီအစဉ်မရှိသေးကြောင်း၊ နိုင်ငံရေးပါတီများနှင့် ပထမဦးဆုံးတွေ့ဆုံမည့် အဖွဲ့အစည်းမှာ UEC ဖြစ်ကြောင်း၊ UEC နှင့်ဆွေးနွေးညှိနှိုင်းမှုများ ပြီးစီးပါက နိုင်ငံရေးပါတီများနှင့်တွေ့ဆုံဆွေးနွေးခြင်းသည် မဖြစ်မနေပြုလုပ်ရမည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်များပြီးဆုံးသည့်အချိန်တွင်ဖြစ်စေ၊ လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်သည့်အချိန်တွင်ဖြစ်စေ တွေ့ဆုံနိုင်လိမ့်မည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားခဲ့။

**Myanmar National Post သတင်းဌာနက** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစီအစဉ်ဖြစ်သည့် ပြည်သူလူထုပူးပေါင်းပါဝင်သည့် ပြည်သူ့ကာကွယ်ရေးစနစ်ကို အကြမ်းဖက်အန္တရာယ် အမှန်တကယ်ကျရောက်နေသည့် စစ်ကိုင်းတိုင်းဒေသကြီးကဲ့သို့သောဒေသများတွင် အမျိုးသမီးများပါမကျန်အားတက်သရော ပါဝင်ကြသည်ကို တွေ့ရကြောင်း၊ တစ်ဖက်၌ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည် လက်နက်မဲ့ဖြစ်နေသောကြောင့် အကြမ်းဖက်သမားများ၏ အဓိကပစ်မှတ်များဖြစ်လာကြောင်း၊ ရန်ကုန်မြို့တွင်လည်း အုပ်ချုပ်ရေးမှူးများအဓိကပစ်မှတ်ထားခံရကြောင်း၊ ယနေ့ကာလတွင် တည်ငြိမ်အေးချမ်းမှုမရှိဘဲ အုပ်ချုပ်ရေးမှူးများ၌ ခုခံကာကွယ်ရန် လက်နက်မရှိကြောင်း၊ အုပ်ချုပ်ရေးမှူးအိမ်ကို သွားမည်ဆိုလျှင် နှစ်လုံးပြူးသေနတ်ဖြင့် လိုက်ခံရနိုင်သည်ကို PDF များအား အသိပေးနိုင်ရုံမျှဖြင့် အုပ်ချုပ်ရေးမှူးများ အသတ်ခံရမှု ရာခိုင်နှုန်းအတော်များများ လျော့နည်းသွားနိုင်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ အုပ်ချုပ်ရေးမှူးများကို လက်နက်ထုတ်ပေးလိုက်ပါဟူသည့် ထုတ်ပြန်ချက်မျိုး ထုတ်ပြန်ရန် ရှိ/မရှိကို သိလိုကြောင်းမေးမြန်းချက်ကို-



Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးမြောက်ဘက်ပိုင်းများတွင် အဓိကဦးစားပေး အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အုပ်ချုပ်ရေးမှူး

များ လုံခြုံရေးနှင့်ပတ်သက်ပြီး တော်တော်များများ တိုက်တွန်းထားကြောင်း၊ အုပ်ချုပ်ရေးမှူးများ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများ များပြားသည်ကိုလည်း တွေ့ရသောကြောင့် မိမိတို့အနေဖြင့် ပြည်သူပါဝင်သော ပြည်သူ့လုံခြုံရေးစနစ်ကို ဖော်ဆောင်ရာတွင် ဥပဒေအရ ပြည်သူ့စစ်အဖွဲ့များဖွဲ့စည်းခြင်းဖြင့် ဆောင်ရွက်ရကြောင်း။

- အုပ်ချုပ်ရေးအဖွဲ့များ၏ လိုအပ်ချက်များအား မြို့နယ်များကို အဆင့်ဆင့်တင်ပြပေးရန် ပြောလိုကြောင်း၊ လက်နက်ထုတ်ပေးခွင့်ဆိုသည်ထက် ရပ်ကွက်/ကျေးရွာ အုပ်စုအလိုက် ပြည်သူ့စစ်ဖွဲ့စည်းခွင့်များကို တိုင်းစစ်ဌာနချုပ်များ၌ ဆောင်ရွက်လျက်ရှိကြောင်း၊ နောက်ဆက်တွဲလိုအပ်သည့်နေရာများတွင် မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ရှိသည့် လက်နက်များကို ဆောင်ရွက်ပေးလျက်ရှိပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

**နေပြည်တော် အွန်လိုင်းအေဂျင်စီက** ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီအနေဖြင့်စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် ရောင်းချမှုရပ်တန့်ထားခြင်း၊ အကန့်အသတ်ဖြင့် ရောင်းချနေခြင်းကို မည်သို့စိစစ်အရေးယူဆောင်ရွက်ထားသည်ကိုသိလိုကြောင်း၊ စက်သုံးဆီတင်သွင်းရေးနှင့် သိုလှောင်ဖြန့်ဖြူးမှုကြီးကြပ်ရေးကော်မတီအနေဖြင့်လည်း ပြည်သူများ စက်သုံးဆီကို ဈေးနှုန်းမှန်ကန်စွာဖြင့်ဝယ်ယူသုံးစွဲနိုင်ရေးနှင့် စက်သုံးဆီပြတ်လတ်မှုမရှိစေရေး ဖြည့်တင်းကြပ်မတ်ဆောင်ရွက်မှုများမည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းချက်ကို-



**နေပြည်တော် အွန်လိုင်းအေဂျင်စီမှ အယ်ဒီတာချုပ် ဦးမင်းမောင်**

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** ဆီဝယ်ယူမှုနှင့်ပတ်သက်ပြီး ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ကြေညာချက်ထုတ်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ မသမာမှုများတွေ့ရှိပါက ကြေညာချက်ပါအတိုင်း ထိုနေရာများသို့တိုင်ကြားနိုင်ကြောင်း။
- စက်သုံးဆီနှင့်ပတ်သက်လျှင် ရုရှားမှတင်သွင်းခွင့်ရပြီးဖြစ်ကြောင်း၊ ထို့ပြင် တင်သွင်းခွင့်ရသည်များကို မှန်မှန်ကန်ကန်ဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်သုံးဆီသည် ဆိပ်ကမ်းရှိရာ ရန်ကုန်သို့သာ ရောက်ရှိသဖြင့် နယ်များတွင်မူ ရန်ကုန်ဈေးနှုန်းထက် သယ်ယူပို့ဆောင်စရိတ် အနည်းငယ်ပို၍ ကြီးမြင့်နေမည်ဖြစ်ကြောင်း။
- မန္တလေး၌ ကောလာဟလများကြောင့် ဆီဆိုင်များတွင် စုပြုံ၍ဝယ်လိုက်ကြကြောင်း၊ အရန်ဆီထဲက မဖြည့်နိုင်ခင် ပြတ်လပ်သွားသည့် အချိန်ပိုင်းအတွင်း ပိုပြီးဆိုးလာသည့် လုပ်ငန်းမျိုးလည်းရှိကြောင်း၊ စက်သုံးဆီ အလွယ်တကူရခြင်း၊ စက်သုံးဆီလိုသလောက်ရခြင်း၊ ဈေးနှုန်းချိုသာခြင်း ရှိသည်ဆိုလျှင် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့အနေဖြင့် လုံခြုံရေးအရ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည်ဆိုလျှင် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာမည်ဖြစ်ပြီး ယင်းကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့။

**ခေတ်ပုံရိပ်ဂျာနယ်မှ သတင်းထောက် ဦးဝင်းနိုင်က** လက်ရှိတွင် နိုင်ငံတစ်ဝန်း အကြမ်းဖက်လူသတ်မှုများက နေ့စဉ်နှင့်အမျှ ကြားသိနေရကြောင်း၊ ယခုဆိုလျှင် ရပ်ကျေးအုပ်ချုပ်ရေးမှူးများသည်လည်း ကိုယ့်ရပ်ကွက်၊ ကိုယ့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရဲရဲဝံ့ဝံ့ မလုပ်ရဲသကဲ့သို့ ဖြစ်နေကြောင်း၊ ထိုသို့လက်နက်ဖြင့်အကြမ်းဖက်မှုများ၊ ရာဇဝတ်မှုများ နည်းပါးလာစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးစီမံချက်များချမှတ် ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိနှင့် အစိုးရဌာနများ၌ ၎င်းတို့၏ လုံခြုံရေးအတွက် သီးသန့် လက်နက်တပ်ဆင်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိသိလိုကြောင်းမေးမြန်းချက်ကို-



**ခေတ်ပုံရိပ်ဂျာနယ်မှ သတင်းထောက် ဦးဝင်းနိုင်**

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** အကြမ်းဖက်နှိမ်နင်းရေးနှင့်ပတ်သက်ပြီး အထူးစီမံချက်ချ၍ ဆောင်ရွက်နေသည့်လုပ်ငန်းများရှိသည်ဟုသာ မိမိအနေဖြင့် အသိပေးလိုကြောင်း၊ အစိုးရဌာနများ၏ လုံခြုံရေးနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ အဓိကတာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လိုအပ်ပါက အစိုးရဌာနများလုံခြုံရေးကို ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ပေါင်းစပ်၍ ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့။

သတင်းစာရှင်းလင်းပွဲအပြည့်အစုံအား Myawady Webportal (https://www . myawady.net.mm)နှင့် (https://myanmar.gov.mm) တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

**(မြဝတီသတင်းစာ ၂၂-၈-၂၀၂၂)**

- **ရွေးကောက်ပွဲကျင်းပရာတွင် အရေးကြီးသည့်အချက်များမှာ ဥပဒေမူဘောင်များ၊ ဥပဒေများ၊ နည်းဥပဒေများ ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လိုအပ်သလို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိ။**
- **ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၆ လအတွင်း ရွေးကောက်ပွဲများကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပြီး ဆောင်ရွက်ရမည့်အနေအထားသို့ ရောက်ရှိပါက သတ်မှတ်ချက်နှင့်အညီ ရွေးကောက်ပွဲကို ကျင်းပပေးသွားမည်။**
- **ပါတီတစ်ခုအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီ၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုတွင် စည်းရုံးမည့်ပါတီဟုရှိပြီး ထိုက်သင့်သည့် လူအင်အား၊ ထိုက်သင့်သည့် ငွေကြေးအင်အား၊ ထိုက်သင့်သည့် ရုံးခန်းများ၊ ထိုက်သင့်သည့် ပါဝင်ယှဉ်ပြိုင်နိုင်မှုရှိရမည်ဖြစ်။**
- **မြန်မာနိုင်ငံအနေဖြင့် Facebook ပေါ်တွင် အဖျက်ခံနေရခြင်းသည် အမျိုးသားရေး၊ နိုင်ငံတော်၏ အခြေခံယဉ်ကျေးမှု မူလဖြစ်သည့် အမျိုးဘာသာ သာသနာနှင့်ပတ်သက်လာပြီး တင်နေသည်များကို အမြဲတမ်းအဖျက်ခံနေရခြင်းကို တွေ့မြင်ရမည်ဖြစ်။**
- **EAO (၁၀) ဖွဲ့က ပြောကြားခဲ့သည့် အကြံပြုချက်များ၊ လိုလားချက်များ၊ တိုက်တွန်းချက်များနှင့်ပတ်သက်၍ မိမိတို့အစိုးရအနေဖြင့် အလေးအနက်ထားမှတ်သား ဆောင် ရွက်လျက်ရှိ။**
- **ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး မြောက်ဘက်ပိုင်းများတွင် အဓိကဦးစားပေး အကောင်အထည်ဖော်လျက်ရှိ။**
- **နောက်ဆက်တွဲလိုအပ်သည့်နေရာများတွင် မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ရှိသည့် လက်နက်များကို ဆောင်ရွက်ပေးလျက်ရှိပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်။**
- **အစိုးရဌာနများ၏ လုံခြုံရေးနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ အဓိကတာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လိုအပ်ပါက အစိုးရဌာနများလုံခြုံရေးကို ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ပေါင်းစပ်၍ ဆက်လက်ဆောင်ရွက်သွားရန်ရှိ။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer တို့ တွေ့ဆုံစဉ် ဆွေးနွေးပြောကြားချက်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ယခုလ ၁၇ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး တွေ့ဆုံဆွေးနွေးခဲ့မှုများနှင့်ပတ်သက်ပြီး ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်ရုံးအနေဖြင့် မြန်မာနိုင်ငံနှင့် ပတ်သက်၍ အပြုသဘောမဆောင်သော ထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်တို့ တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ရေရှည်လက်တွဲဆောင်ရွက်နိုင်ရန်အတွက် သတင်းများနှင့်ပတ်သက်ပြီး ထိန်းထိန်းသိမ်းသိမ်း ထုတ်ပြန်ဆောင်ရွက်ရန်အတွက် သဘောတူညီခဲ့ကြသည်။

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ၏ မိတ်ဆက်ပြောကြားမှု။**

မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာရင်းနှီးခဲ့ဖူးသည့် မိတ်ဆွေတစ်ဦးအနေဖြင့် လာရောက်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် မည်ကဲ့သို့သော အကြံဉာဏ်များပေးရမည်ကို ဖော်ဆောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ဘက်ပေါင်းစုံမှ ပါဝင်ဆောင်ရွက်ရမည့် အရေးကိစ္စဖြစ်၍ စိန်ခေါ်မှုများစွာရှိပါသည်။ အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် မိမိအနေဖြင့် အချက် ၄ ချက်ဖြင့် ဆောင်ရွက်သွားမှာဖြစ်ပါသည်။ ပထမအချက်အနေဖြင့် မိမိတို့အကြား ဆက်သွယ်ဆောင်ရွက်နေမည့် တွေ့ဆုံဆွေးနွေးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လိုပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ဦးတည်ချက် ၉ ရပ်ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို မိမိအနေဖြင့် သိရှိထားပါသည်။ မိမိအနေဖြင့် ဒုတိယအချက်အဖြစ် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာ ကိစ္စများကိုလည်း ဆွေးနွေးလိုပါသည်။ နိုင်ငံရေးဦးတည်ချက် ၃ ရပ်၏ နောက်ဆုံးအချက်မှာ မြန်မာနိုင်ငံအနေဖြင့် “လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို လိုက်နာကျင့်သုံးရေး” ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ အဆိုပါအချက်မှာ မိမိတို့လိုလားသည့်အချက်ဖြစ်ပြီး မိမိတို့အနေဖြင့် အခြားနိုင်ငံများနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးဟူသောမူဝါဒကို လက်ခံယုံကြည်ထားပါသည်။ မိမိအနေဖြင့်လည်း ယင်းကိစ္စနှင့် ပတ်သက်၍ အကောင်အထည်ဖော်ကူညီဆောင်ရွက်



ပေးသွားမည် ဖြစ်ပါသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Antonio Guterres သည် ကုလသမဂ္ဂပဋိညာဉ်ကို ကာကွယ်စောင့်ရှောက်နေသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ **ကုလသမဂ္ဂပဋိညာဉ်တွင် နိုင်ငံအားလုံး၏အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ တိကျစွာပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအား အမြဲတမ်းဖော်ပြလျက်ရှိသည်ကို မိမိအနေဖြင့် သတိပြုမိ**ပါသည်။ ကမ္ဘာပေါ်တွင် နောက်ထပ်ဖြစ်ပေါ်လာမည့် ပဋိပက္ခဖြစ်ပွားမှုများနှင့် အကြမ်းဖက်မှုများကို တားဆီးနိုင်ရန် ရည်ရွယ်၍ ကုလသမဂ္ဂအဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ အဓိကအရေးကြီးဆုံးအချက်မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံဘက်က အမြဲတမ်းထုတ်ဖော်ပြောကြားလျက်ရှိသည့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုဟူသောအချက်နှင့်ပတ်သက်၍လည်း ကုလသမဂ္ဂအနေဖြင့် နိုင်ငံများ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အမြဲတမ်းအသိအမှတ်ပြု လေးစားလျက်ရှိပါသည်။

အဆွေတော်အနေဖြင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးကဏ္ဍကို အဓိကအခြေခံလျက် နိုင်ငံ၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်မည်ဟု ပြောကြားခဲ့သည်ကို မိမိအနေဖြင့် မှတ်သားမိပါသည်။ မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိသည့် စီးပွားရေးစနစ်ကို လက်ရှိအခြေအနေနှင့်အညီ ဆောင်ရွက်သွားမည်ဟူသောအချက်ကိုလည်း မိမိအနေဖြင့် ကြိုဆိုလက်ခံပါသည်။ မိမိအနေဖြင့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးကို မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေများ လေ့လာနိုင်ရန် မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့ရာတွင် အဆိုပါသယံဇာတများသည် မြေအောက်ထဲ၌သာရှိနေပြီး မြေပေါ်မှတစ်ဆင့် စီးပွားရေးအဖြစ်မည်ကဲ့သို့ အသုံးချဆောင်ရွက်နိုင်မည့်နည်းလမ်းကို မြန်မာနိုင်ငံအနေဖြင့် လိုအပ်နေခြင်း ဖြစ်သည်ဟု ၎င်းကမှတ်ချက်ပြုပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံသည် လူ့အခွင့်အရေးဆိုင်ရာကြေညာချက်စာတမ်း၌ ပထမဆုံးလက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ယင်းကဲ့သို့ ကောင်းမွန်သည့် သမိုင်းကြောင်းများရှိခဲ့သည့်အတွက် မိမိအနေဖြင့် ချီးကျူးဂုဏ်ပြုလိုပါသည်။ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံ၏အနာဂတ်ကို ပုံဖော်နိုင်စွမ်းရှိသည့် အင်အားရှိပြီး အဆွေတော်၏ သား၊ သမီး၊ မြေး၊ မြစ်တို့၏အနာဂတ်ကို မည်ကဲ့သို့ ပုံဖော်မည်ဆိုသည့်အချက်သည်လည်း အဆွေတော်၏လက်အတွင်း၌သာ ရှိပါသည်။ **မြန်မာနိုင်ငံအား မည်ကဲ့သို့ပုံဖော်၍ မည်သည့်လမ်းစဉ်များနှင့် ဆောင်ရွက်သွားမည်ဆိုသည့်အချက်ကို အဆွေတော်ချမှတ်ထားသော ဦးတည်ချက် ၉ ရပ်တွင် သိသာထင်ရှားစွာ မြင်တွေ့ရ**ပါသည်။

ကိစ္စအချို့နှင့်ပတ်သက်၍ မိမိအနေဖြင့် အဆွေတော်အား မေတ္တာရပ်ခံတောင်းဆိုလိုပါသည်။ ယင်းတောင်းဆိုချက်များသည် မိမိတို့ရှေ့ဆက်သွားမည့် အနာဂတ်လမ်းကြောင်းကို ဆက်သွယ်ဆောင်ရွက်ပေးနိုင်မည့် အခြေခံအုတ်မြစ်များပင်ဖြစ်ပါသည်။ မိမိ၏အကြံပြုချက်များ၊ တောင်းဆိုချက်များ၊ တင်ပြချက်များသည် မြန်မာပြည်သူအားလုံးပါဝင်၍ ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် တည်ဆောက်ရာတွင် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်



မည့် အခြေခံအုတ်မြစ်များဖြစ်လိမ့်မည်ဟု မိမိအနေဖြင့် မျှော်လင့်မိပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြန်လည်ပြောကြားဆွေးနွေးမှု-**

အဆွေတော်နှင့် ပထမဆုံး တွေ့ဆုံဆွေးနွေးသည့် အချိန်၌ အဆွေတော်၏သဘောထားကို သိရှိလိုသည့်အတွက် အဆွေတော်ကို ဦးစွာဆွေးနွေးပြောကြားခွင့်ပြုခြင်းဖြစ်ပါသည်။ **မိမိအနေဖြင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံအစိုးရအဖွဲ့ကို ဦးဆောင်၍ တာဝန်ယူဆောင်ရွက်နေပါသည်။ ထို့အပြင် မိမိအနေဖြင့် မြန်မာနိုင်ငံအား မည်ကဲ့သို့တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည်ဆိုသည့်စိတ်ဖြင့် ဆောင်ရွက်လျက်ရှိ**ပါသည်။ သို့ရာတွင် မိမိအနေဖြင့် မြန်မာနိုင်ငံအစိုးရအဖွဲ့ကို ဦးဆောင်၍ တာဝန်ယူဆောင်ရွက်သည့်ကာလသည် အကန့်အသတ်ရှိပါသည်။ အထက်၌ပြောကြားခဲ့သည့်ကိစ္စရပ်များအား လာမည့်ကာလတွင် အထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်၍ တာဝန်ထမ်းဆောင်မည့် အစိုးရအဖွဲ့ကသာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဥပဒေကြောင်းအရပြောကြားရမည်ဆိုလျှင် မြန်မာနိုင်ငံတော်သမ္မတအဖြစ် ၂ ကြိမ်ဆက်တိုက် ၁၀ နှစ်တာကာလအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ပါသည်။ အဆိုပါကိစ္စများသည် ၁၀ နှစ်တာကာလအတွင်း အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိမည့် သမ္မတကသာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များဖြစ်ပါသည်။ လက်ရှိအခြေအနေ၌ နိုင်ငံတော်အရေးပေါ်အခြေအနေကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပါသည်။ အဓိကအားဖြင့် အဆိုပါကိစ္စများထက် ပိုမိုအရေးကြီးသည့်ကိစ္စမှာ အဆွေတော်နှင့် မိမိတို့အကြား မည်ကဲ့သို့ပူးပေါင်းဆောင်ရွက်မည်ဆိုသည့် ကိစ္စများကိုသာ ပထမဆုံးဖြေရှင်းဆောင်ရွက်သွားမည်ဆိုလျှင် ပိုမိုကောင်းမွန်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍဆိုင်ရာကိစ္စရပ်များ၌ လိုအပ်ချက်များစွာရှိပါသည်။ ဥပမာအနေဖြင့် မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်သဘာဝသယံဇာတများ ပေါကြွယ်ဝပြီး အဆိုပါသဘာဝသယံဇာတများကို တူးဖော်အသုံးပြုရန် နည်းပညာများ လိုအပ်မှုရှိသည်ကို အဆွေတော်အနေဖြင့် အထက်၌ ပြောကြားခဲ့ပါသည်။ အဆိုပါ **မြေပေါ်မြေအောက် သဘာဝသယံဇာတများသည် တိုင်းပြည်တစ်ခုအတွက် အရန်(Reserve) သာဖြစ်ပြီး တိုင်းပြည်အတွင်းရှိ မြေ၊ ရေနှင့် လူသားအရင်းအမြစ်များအသုံးပြု၍ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေရန် မည်ကဲ့သို့ဆောင်ရွက်သွားရမည်**ကို မိမိအနေဖြင့် စဉ်းစားထားပါသည်။ မြေပေါ်မြေအောက်သဘာဝသယံဇာတများကို အသုံးပြု၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်းထက် လူသားအရင်းအမြစ်များအသုံးပြု၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်းကို ပိုမိုစိတ်ဝင်စားသော်လည်း ဆောင်ရွက်နိုင်မှုအားနည်းနေပါသည်။ မိမိအနေဖြင့် ပြောကြားလိုသည်မှာ အဆွေတော်၏ ပြောကြားချက်အား မိမိအနေဖြင့် လက်ခံခြင်း/လက်မခံခြင်းကို ပြောကြားလိုခြင်းမဟုတ်ပါ။ မိမိအနေဖြင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြားကိစ္စများအား ဆွေးနွေးပြောကြားလိုပါသည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၌ လွတ်လပ်ရေးရရှိခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် ၇၅ နှစ်ပြည့်မြောက်တော့မည်ဖြစ်ပါသည်။ ကုလသမဂ္ဂတည်ထောင်ခြင်းနှစ် ၅၀ ရွှေရတု အထိမ်းအမှတ်

အခမ်းအနားတွင် ယခင်ဒုတိယတပ်မတော်ကာကွယ်ရေးဦး စီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူး ကြီးမောင်အေးက တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ကုလ သမဂ္ဂပဋိညာဉ်ကို လိုက်နာကျင့်သုံးလျက်ရှိပါသည်။

စစ်အေးကာလအတွင်း အနောက်အုပ်စုနှင့် အရှေ့အုပ် စုတို့အနေဖြင့် ပဋိပက္ခများဖြစ်ပွားခဲ့ပြီး ကမ္ဘာကြီးတစ်ခုလုံး တွင် မငြိမ်မသက်မှုများ ဖြစ်ပွားခဲ့ပါသည်။ မျက်မှောက်ကာလ၌ လည်း ကမ္ဘာကြီးတစ်ခုလုံး မငြိမ်မသက်မှုများ ဖြစ်ပွားနိုင်သည့် အခြေအနေ ရှိနေပါသည်။ ယင်းအခြေအနေကို ရှောင်လွှဲနိုင် ရေးသည်အရေးကြီးသည်ဟု မိမိအနေဖြင့် ထင်မြင်ယူဆမိပါ သည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်အထိ ကုလသမဂ္ဂ ပဋိညာဉ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမရှိပါ။ ကုလသမဂ္ဂ အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအပေါ် ချမှတ်ထားသည့် ပဋိညာဉ် နှင့်အညီ ထိတွေ့ဆက်ဆံဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ယင်းကဲ့သို့ ထိတွေ့ဆက်ဆံဆောင်ရွက်မှသာ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ကုလသမဂ္ဂအပေါ် ယုံကြည်မှုရှိလာမည်ဖြစ်ပါသည်။ **မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကုလသမဂ္ဂ၏ အရိပ် အာဝါသကြောင့် အေးမြသည့်အရသာကို လိုလားတောင့်တ နေသည့်နိုင်ငံများဖြစ်**ပါသည်။ အဆိုပါကိစ္စသည် အရေးကြီး သည့် လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ အဓိကအားဖြင့် ကုလ သမဂ္ဂသည် ဒုက္ခရောက်နေသည့်၊ အခက်အခဲရှိနေသည့်၊ လို အပ်ချက်များရှိနေသည့် နယ်ပယ်များတွင် အကူအညီပေးအပ် ခြင်းများ ပြုလုပ်ရသည်ဟု မိမိတို့အနေဖြင့် နားလည်သဘော ပေါက်ထားပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် ကုလသမဂ္ဂပဋိညာဉ်ကို လိုက်နာစောင့်ထိန်းသူတစ်ဦးဖြစ်သည် ဟု အဆွေတော်အနေဖြင့် အထက်၌ ဆွေးနွေးပြောကြားခဲ့ပါ သည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သကဲ့သို့ မြန်မာနိုင်ငံသား ဦးသန့်သည်လည်း ကုလသမဂ္ဂ တွင် အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မိမိအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သူများအနက် Mr. Kofi Annan နှင့်သာ သိကျွမ်း ပြီး ၎င်းနှင့် ၃ ကြိမ် ဆွေးနွေးခဲ့ဖူးပါသည်။ **ကုလသမဂ္ဂအတွင်း ရေးမှူးချုပ်သည် ကမ္ဘာ့နိုင်ငံများ၏ ဆိုးတိုင်ပင် ကောင်းတိုင် ပင် ပုဂ္ဂိုလ်မျိုးဖြစ်ရန် လိုအပ်**ပါသည်။

မိမိအနေဖြင့် ၂၀၁၁ ခုနှစ်တွင် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၁ နှစ်ခန့် ကြာမြင့်ပြီဖြစ်ပါသည်။ အဆိုပါကာလအတွင်း ကြုံတွေ့ခဲ့ရ သည့်အတွေ့အကြုံများ၊ အရာရှိကြီးအဖြစ် တာဝန်ထမ်းဆောင် သည့်အချိန်တွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂ၏ပြောကြားချက်များသည် တစ် ဖက်သတ်ပြောကြားချက်များ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအတွက် စိတ်မကောင်းဖွယ်ရာ ကိစ္စများပင်ဖြစ်ပါ သည်။ အဆွေတော်အနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် တာဝန်ထမ်း ဆောင်သည့်အချိန်တွင် အဆိုပါကိစ္စကို မည်ကဲ့သို့ကျော်လွှား မည်ဟူသည့်အချက်ကို ဦးစွာဖြေရှင်းရန် လိုအပ်မည်ဟု မိမိ အနေဖြင့် ထင်မြင်ယူဆမိပါသည်။ ကုလသမဂ္ဂအတွင်းရေး မှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ခန့်အပ် တာဝန်ပေးခြင်းကို လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ခန့်က စတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံ အကြား ဆက်ဆံရေးကောင်းမွန်စေလိုသည့်အတွက် အပြု သဘောဆောင်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာ နိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ဆက်ဆံဆောင်ရွက်ခဲ့ ခြင်းဖြစ်ပါသည်။ မိမိအနေဖြင့် အဆွေတော်အပေါ် ပုဂ္ဂိုလ်ရေး အရ မည်သည့်ခံစားချက်မျှမရှိပါ။ မိမိအနေဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လိုသည့်အတွက် ယခုကဲ့သို့ အဆွေတော် နှင့်တွေ့ဆုံရန် သဘောတူခဲ့ခြင်းဖြစ်ပါသည်။ အခက်အခဲများ စွာရှိသော်လည်း အဆွေတော်မြန်မာနိုင်ငံသို့ ခရီးစဉ်လာရောက် နိုင်စေရန် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ၏အချုပ်အခြာအာဏာကို ဝင်ရောက်မစွက်ဖက်ဟု အဆွေ တော်အနေဖြင့် ဆွေးနွေးပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံ သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့် အညီ ကျင့်သုံးနေထိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြန်မာ နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင်လည်း ယင်းကဲ့သို့ တိကျစွာ ပြဋ္ဌာန်းထားပါသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ ကြီး ၅ ရပ်အနက် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေး ကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြု၊ နိုင်ငံတစ်နိုင်ငံ ပိုင်နက် နယ်မြေတည်တံ့ရေးနှင့် အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားရန် စသည့်အချက်များ ပါဝင်ပါ သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ မြန်မာနိုင်ငံ တွင် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာ၍ တပ်

မတော်က တာဝန်ယူခဲ့ရပါသည်။ မြန်မာနိုင်ငံကို တရားဥပဒေလမ်းကြောင်းအပေါ် လျှောက်လှမ်းနိုင်ရေး ပြန်လည်ဆောင်ရွက်နေသည့်အချိန်၌ ကုလသမဂ္ဂအနေဖြင့် မိမိတို့၏လုပ်ဆောင်ချက်များအပေါ် အသိအမှတ်မပြုသည်ကို တွေ့ရှိရပါသည်။ ကုလသမဂ္ဂအနေဖြင့် မည်သည့်အတွက်ကြောင့် အသိအမှတ်မပြုခြင်းနှင့်ပတ်သက်၍ မေးခွန်းများရှိလာပါသည်။ ကုလသမဂ္ဂအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုဟု ပြောကြားလျက်ရှိသော်လည်း မည်သည့်အတွက်ကြောင့် မိမိတို့၏လုပ်ဆောင်ချက်များအပေါ် အသိအမှတ်မပြုသည့် အခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်ကို သိရှိလိုပါသည်။ အဆွေတော်အနေဖြင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်တွင် စင်ကာပူလေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ ခရီးစဉ်လာရောက်ခဲ့သည်ကို တွေ့မြင်ခဲ့ရပါသည်။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်အစိုးရတစ်ရပ်ဖြင့် တည်ငြိမ်နေသောနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက်ကြောင့် စင်ကာပူလေကြောင်းလိုင်းမှ လေယာဉ်သည် မြန်မာနိုင်ငံတွင် ဆင်းသက်ခြင်းဖြစ်ပါသည်။ ယင်းကဲ့သို့ အခြေအနေမဟုတ်ပါက စင်ကာပူလေကြောင်းလိုင်းမှ လေယာဉ်သည် မြန်မာနိုင်ငံတွင် ဆင်းသက်မည်မဟုတ်ပါ။ မြန်မာနိုင်ငံတွင် စီးပွားရေးအရ ဆောင်ရွက်နေသည့် လေကြောင်းလိုင်း ၁၆ ခု ပြေးဆွဲလျက်ရှိပါသည်။ အဆွေတော်အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ၃ နာရီခန့် စောင့်ဆိုင်း၍ ညနေပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လာရောက်ခဲ့ပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လာရောက်မည့်အချိန်ကာလတွင် အဆွေတော်အနေဖြင့် ရန်ကုန်မြို့ကို လှည့်ပတ်ကြည့်ရှု၍ ရန်ကုန်မြို့မှ နေပြည်တော်သို့ မော်တော်ယာဉ်ဖြင့် လာမည်ဆိုလျှင် မြန်မာနိုင်ငံ၏ အခြေအနေကို ပိုမိုသိရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏အခြေအနေကို အမှန်တကယ်သိရှိအောင် ဆောင်ရွက်ပြီးမှသာ မြန်မာနိုင်ငံနှင့်ပတ်သက်၍ မှတ်ချက်ပြုပြောကြားခြင်းသည် ပို၍ကောင်းမွန်မည်ဟု ယူဆပါသည်။ မြန်မာနိုင်ငံ၏ အခြေအနေတည်ငြိမ်မှုရှိနေသည်ကို ကုလသမဂ္ဂက မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိနေသည်ဟု အမျိုးမျိုးထုတ်ပြန်ကြေညာနေခြင်းအပေါ် မိမိတို့အနေဖြင့်နားမလည်နိုင်ပါ။ မိမိတို့အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့နှင့်ပတ်သက်၍ ဥပဒေလမ်းကြောင်းဖြင့်သာ အမှန်တကယ်ဆောင်ရွက်ပါသည်။ မြန်မာ့တပ်မတော်အနေဖြင့် နိုင်ငံတော်၏ လိုအပ်ချက်အရ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ဖြစ်တည်လာသည့် အစိုးရဖြစ်ပါသည်။ **မိမိတို့အစိုးရသည် ဥပဒေဖြင့် လုပ်ဆောင်ရသောအဖွဲ့အစည်းဖြစ်သည့်အတွက် ကိစ္စအားလုံးကို ဥပဒေအတိုင်းသာဆောင်ရွက်**ပါသည်။ ယင်းအချက်နှင့်ပတ်သက်၍ ကုလသမဂ္ဂအနေဖြင့် သဘောပေါက်နားလည်စေလိုပြီး ၎င်းတို့သိရှိထားသောအချက်များနှင့် မြန်မာနိုင်ငံ၏ မြေပြင်အခြေအနေများသည် လွန်စွာကွာခြားမှုရှိနေသည်ကို မိမိအနေဖြင့် အသိပေးပြောကြားလိုပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ်၌ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အခက်အခဲများစွာ ဖြစ်ပေါ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်း၊ တတိယလှိုင်း ဖြစ်ပွားခဲ့သည့်အချိန်၌ ပြင်းပြင်းထန်ထန်ခံစားခဲ့ရပြီး စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းခဲ့ပါသည်။ အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရသည်များရှိသကဲ့သို့ တစ်ဖက်တွင်လည်း ကုလသမဂ္ဂစသည့်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မျှော်လင့်ခဲ့ပါသည်။ သို့ရာတွင် မည်သည့်အကူအညီမျှ ရရှိခဲ့ခြင်းမရှိပါ **“ကျန်ရစ်သူမရှိစေရ (Leave No One Behind)” ဟူသည့် ကုလသမဂ္ဂ၏ မူဝါဒအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ပင်လျှင် မြန်မာနိုင်ငံကို မည်သည့်အကူအညီမျှပေးအပ်ခဲ့ခြင်းမရှိ**ပါ။ ယင်းကိစ္စမှာ လွန်စွာဝမ်းနည်းဖွယ်ကောင်းပါသည်။ လူသားတစ်ဦး၏ အသက်ရှင်သန်ရေးကိစ္စပင်ဖြစ်ပါသည်။ လူသားတစ်ဦး အန္တရာယ်ကြုံတွေ့နေရချိန်၌ စစ်မက်ဖြစ်ပွားနေသော နိုင်ငံကိုပင် အကူအညီပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံ အခက်အခဲကြုံတွေ့နေရချိန်၌ အကူအညီမပေးအပ်နိုင်စရာ အကြောင်းမရှိဟု မိမိအနေဖြင့် ထင်မြင်ယူဆပါသည်။ ကံကောင်းစွာပင် မြန်မာနိုင်ငံ၏မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် မြန်မာနိုင်ငံကို များစွာအကူအညီပေးခဲ့ပါသည်။ အဆိုပါအကူအညီများကြောင့် မြန်မာနိုင်ငံသားများ၏ အသက်များစွာကို အန္တရာယ်ကင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ **အာဆီယံအဖွဲ့အနေဖြင့် အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာန(AHA Centre) မှတစ်ဆင့် အနည်း**

**ယယ်ကူညီပေးခဲ့**ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကိုယ်တိုင်ရုန်းကန်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ အကျပ်အတည်း များစွာကြုံတွေ့ခဲ့ရသည့်အချိန်တွင် အဆွေတော်တို့ဘက်က နိုင်ငံရေးအရဖိအားများ ပေးခဲ့ခြင်းဖြစ်ပါသည်။ အာဆီယံအနေဖြင့်လည်းကောင်း၊ ကုလသမဂ္ဂအနေဖြင့်လည်းကောင်း ဖိအားအမျိုးမျိုးပေးခဲ့ပါသည်။ မိမိတို့ဘက်မှ ပြန်လည်တင်ပြရန် ဆောင်ရွက်ခဲ့သော်လည်း မိမိတို့ဘက်မှ ကိုယ်စားလှယ်ကို လက်မခံခဲ့ပါ။ ကုလသမဂ္ဂတွင် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်ထားရှိရေးကို အဆုံးအဖြတ်ပေးသည့် Credential Committee နှင့်ပတ်သက်၍ အဆွေတော်တို့အနေဖြင့် စဉ်းစားသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွင် ပထမဆုံးဖြေရှင်းရမည့်ကိစ္စမှာ ယင်းကိစ္စဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေကို ပြောကြားလိုပါသည်။ **မြန်မာနိုင်ငံကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနိုင်ရေးအတွက် မြန်မာ့တပ်မတော်က လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်**ပါသည်။ အခြေခံဥပဒေအား မြန်မာ့တပ်မတော်က ရေးဆွဲပေးခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံရေးလောကတွင် ထင်ပေါ်ကျော်ကြားသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ စသည့်အလွှာပေါင်း ၈ လွှာမှ ပုဂ္ဂိုလ်ပေါင်း ၁,၀၀၀ ကျော်က ပါဝင်ရေးဆွဲပေးခဲ့ခြင်းဖြစ်ပါသည်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းလျက်ရှိသည့် မြန်မာနိုင်ငံတွင် လက်နက်ကိုင်အဖွဲ့ များစွာရှိနေပါသည်။ သို့ရာတွင် တပ်မတော်အနေဖြင့် အဆိုပါလက်နက်ကိုင်အဖွဲ့များနှင့် ၎င်းတို့နှင့်ပတ်သက်သည့် ပဋိပက္ခများကို ချုပ်ငြိမ်းအောင် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ခေါ်ဆောင်ဖြေရှင်းဆောင်ရွက်နေသည့် အခြေအနေကိုမူ အချို့နိုင်ငံများက သိရှိခြင်းမရှိကြပါ။ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းသည့်အချိန်၌ နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများ ပပျောက်အောင် ဆောင်ရွက်ရမည်ဟူသောအချက်ကို တပ်မတော်အနေဖြင့် သိရှိသည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးကို ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းလာစေရန်နှင့် ၎င်းတို့ကို တပ်မတော်၏ အစိတ်အပိုင်းဖြစ်သော တရားဝင်လက်နက်ကိုင်အဖွဲ့အဖြစ် ဖွဲ့စည်းပေးရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ KNU ၊ KNPP ၊ KIA အဖွဲ့များသည် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ လိုက်ပါလျှောက်လှမ်းလာခြင်းမရှိဘဲ လက်နက်ကိုင်လမ်းစဉ်အတိုင်းသာ ဆက်လက်လျှောက်လှမ်းခဲ့ကြပါသည်။ လက်ရှိအချိန်တွင် မြန်မာ့တပ်မတော်အတွင်း၌ တပ်မတော်ကဲ့သို့ အသွင်ပြောင်း၍ တာဝန်ထမ်းဆောင်သည့် ယခင် EAO အဖွဲ့များ တပ်ရင်း ၂၀ ကျော်ရှိပါသည်။ ၎င်းတို့အနေဖြင့် မြန်မာ့တပ်မတော်နှင့်အတူ လက်တွဲဆောင်ရွက်ကာ တရားဝင်လက်နက်ကိုင်အဖွဲ့များအဖြစ် တည်ရှိနေကြပါသည်။ အဆိုပါ အခြေအနေနှင့်ပတ်သက်၍ မည်သူကမျှ ပြောကြားခဲ့ခြင်းမရှိပါ။ မြန်မာနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် အထွေထွေရွေးကောက်ပွဲ ၃ ကြိမ် ကျင်းပခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ၌ မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ အနက် ၃၂၅ မြို့နယ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ကျင်းပပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲ၌ ၃၂၃ မြို့နယ်နှင့် ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပသည့် တတိယအကြိမ် အထွေထွေရွေးကောက်ပွဲ၌ ၃၁၅ မြို့နယ်တွင် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပါသည်။ အထွေထွေရွေးကောက်ပွဲ ပြုလုပ်နိုင်သည့်နယ်မြေများ တဖြည်းဖြည်းကျဆင်းလာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အမှန်စင်စစ်တွင် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်သည့် နယ်မြေအရေအတွက် မြင့်တက်လာရမည်ဖြစ်သော်လည်း အထွေထွေရွေးကောက်ပွဲကျင်းပနိုင်သည့် နယ်မြေအရေအတွက် လျော့နည်းလာရခြင်းမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိဘဲ လက်နက်ကိုင်ပဋိပက္ခများနှင့် ခြိမ်းခြောက်မှုများဖြစ်ပွားနေသည့်အတွက်ကြောင့် ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးမှာ လွန်စွာအရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။ မဲပေးခွင့်ဆုံးရှုံးမှုများဖြစ်ပေါ်နေခြင်းသည် ဒီမိုကရေစီစနစ်အတွက် ကောင်းမွန်မှုမရှိသည့် လက္ခဏာတစ်ရပ်ဖြစ်ပါသည်။ **အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတစ်ဦးတစ်ယောက်မကျန် ဆန္ဒမဲပေးနိုင်ရေးသည် နိုင်ငံတစ်နိုင်ငံ၏အစိုးရ၊ သို့မဟုတ် တိုင်းပြည်တာဝန်ယူထားသည့် အဖွဲ့အစည်းတို့၏ တာဝန်သာဖြစ်**ပါသည်။ ထို့ကြောင့် တိုင်းပြည်၌ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုရှိစေရေးကို ဦးစားပေး(၁)အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းပြည်၌ နိုင်ငံရေးအခြေအနေတည် ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်သည့်အချိန်တွင် ဒီမိုကရေစီအရ ဆောင်ရွက်ရမည့် လမ်းစဉ်များကို ဒီမိုကရေစီအရ

ဆောင်ရွက်ခြင်းမရှိဘဲ အကြမ်းဖက်လမ်းစဉ်များကို ရွေးချယ်၍ လုပ်ဆောင်ခဲ့သည့်ဖြစ်စဉ်များသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီးသည့်အချိန်တွင် ပေါ်ပေါက်ခဲ့ပါသည်။ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၌တည်ငြိမ်မှုမရှိသည့်အခြေအနေမျိုး ဖြစ်ပွားခဲ့ပါသည်။ ဒီမိုကရေစီလမ်းကြောင်းအတိုင်း ဥပဒေအရ ဖြေရှင်းဆောင်ရွက်မည်ဆိုလျှင် ယခုကဲ့သို့ပြဿနာများ ဖြစ်ပေါ်လာမည်မဟုတ်ပါ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဖြစ်ပွားလျက်ရှိသည့် ပြဿနာများကြောင့်လည်းကောင်း၊ အထွေထွေရွေးကောက်ပွဲကိစ္စရပ်နှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသောငြင်းဆိုမှု(Decline) ပြုလုပ်သည့်ကိစ္စရပ်များကြောင့် လည်းကောင်း သက်ရောက်မှုရှိနေခြင်းကို စဉ်းစားသုံးသပ်ရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံ၌ အကြမ်းဖက်လုပ်ဆောင်လျက်ရှိသည့်ကိစ္စများ ဖြစ်ပေါ်နေသည့်ကာလများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များတည်ရှိသည့်ကာလများတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် အခက်အခဲများဖြစ်ပေါ်လျက်ရှိပါသည်။ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက်မှုများ၊ တိုက်ခိုက်မှုများကို ရပ်တန့်ပေးရန် ပြောကြားခဲ့ပါသည်။ အကြမ်းဖက်မှုကိစ္စနှင့်ပတ်သက်၍ ပြောကြားရမည်ဆိုလျှင် အကြမ်းဖက်မှုများကို မိမိတို့က ဆောင်ရွက်နေခြင်းမဟုတ်ပါ။ အစိုးရနှင့် နိုင်ငံ့ဝန်ထမ်းများကို အကြမ်းဖက်သမားများက လာရောက်တိုက်ခိုက်၍သာ မိမိတို့အနေဖြင့် ပြန်လည်ခုခံရခြင်းဖြစ်ပါသည်။ အနီးဆုံးဖြစ်စဉ်အနေဖြင့် ယနေ့ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၏ အနောက်ဘက် စစ်ကိုင်းတိုင်းဒေသကြီးရှိတံတားပေါ်၌ ကားတစ်စီးပေါ်ရှိ ခရီးသည်များအား အကြမ်းဖက်သမားများက ဓားစာခံလုပ်၍ ပစ်ခတ်မှုများ ပြုလုပ်ခဲ့ရာ ခရီးသည်များနှင့် အဆိုပါအကြမ်းဖက်သမားများ သေဆုံးမှုဖြစ်ပွားခဲ့ပါသည်။ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများကို သတ်ဖြတ်ခြင်း၊ သံဃာတော်များကို သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်မှုများကိုလည်း ပြုလုပ်ခဲ့ကြပါသည်။ အဆိုပါ အကြမ်းဖက်မှုများသည် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ဖြစ်ပေါ်လာသည့် ကိစ္စများဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အဆိုပါအကြမ်းဖက်မှုကိစ္စများကို ပြောကြားခြင်းမရှိဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်မှုကို ဒီမိုကရေစီနည်းလမ်းကျစွာ ဆောင်ရွက်ခြင်းမရှိဟူ၍ ပြောကြားလျက်ရှိပါသည်။ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသည့် ကိစ္စများနှင့်ပတ်သက်၍ အခြေအနေအမှန်ကို သုံးသပ်စေလိုပါသည်။

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ အမြဲမပြတ်တွေ့ဆုံဆွေးနွေးနိုင်ရေး ကမ်းလှမ်းချက်နှင့် အာဆီယံဘုံသဘောတူညီချက် ၅ ရပ်အပေါ် ဆွေးနွေးပြောကြားမှု-**

အခြေအနေများကို ကောင်းမွန်စွာထိန်းသိမ်းနိုင်ရန် နှစ်ဦးနှစ်ဖက် အပြန်အလှန်နားလည်ယုံကြည်မှုများ လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် မြေပြင်အခြေအနေမှန်များကို သိရှိသုံးသပ်ပြီး သတင်းပို့တင်ပြခြင်းသည် ကောင်းမွန်မည်ဆိုသည့်အချက်ကို မိမိအနေဖြင့် လက်ခံပါသည်။ ပထမတင်ပြလိုသည့်အချက်မှာ အဆွေတော်နှင့် မိမိတို့အကြား အမြဲမပြတ်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်၍ တိုးတက်မှုများရရှိအောင် ဆောင်ရွက်သွားရန် အဆိုပြုပြောကြားလိုပါသည်။ ဒုတိယအချက်အနေဖြင့် မြန်မာနိုင်ငံအစိုးရအဖွဲ့ကို အသိအမှတ်ပြုမှုနှင့် မြန်မာနိုင်ငံကို ကုလသမဂ္ဂတွင် အသိအမှတ်ပြုမည့်ကိစ္စဖြစ်ပါသည်။ မြန်မာနိုင်ငံကို တရားဝင်ကိုယ်စားပြုမှုနှင့် မြန်မာနိုင်ငံကို အသိအမှတ်ပြုမှုအခွင့်အာဏာသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံတွင် မရှိပါ။ မြန်မာနိုင်ငံ၏ကိုယ်စားပြုမှုကို အသိအမှတ်ပြုနိုင်သည်မှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင်သာ ရှိပါသည်။ သို့ဖြစ်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် မြန်မာနိုင်ငံအား ကူညီနိုင်မည့်နည်းလမ်းပေါင်းစုံကို ရှာဖွေလျက်ရှိပါသည်။ အာဆီယံနှင့် မြန်မာနိုင်ငံအကြား သဘောတူညီခဲ့သည့် ဘုံသဘောတူညီချက် ၅ ရပ်တွင် ပါဝင်သည့် အကြမ်းဖက်မှုများ အမြန်ဆုံးချုပ်ငြိမ်းရေးဟူသည့် အချက်တစ်ချက်ပါဝင်ပါသည်။ အဆိုပါအချက်သည် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အဖြေရှာမှုများပြုလုပ်ရာတွင် အရေးကြီးသည့်အချက်တစ်ချက်ဖြစ်ပါသည်။ **မိမိသည် မြန်မာနိုင်ငံတွင် နှစ်ဖက်စလုံးမှ အကြမ်းဖက်မှုများ ပြုလုပ်နေသည်ဟူသည့်အချက်ကို ပထမဆုံးအသိအမှတ်ပြုခဲ့သူတစ်ဦးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် ပြည်သူလူထု၏ ဆန္ဒများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟူသည့် အသုံးအနှုန်းကို ပထမဆုံးသုံးနှုန်းပြောဆိုခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။ မိမိအနေဖြင့် "Myanmar Led, Myanmar Way" ဟူသည့် ဆောင်ပုဒ်ကို အသိအမှတ်ပြု**ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ အပြုသဘောဆောင်သော တုံ့ပြန်ဆွေးနွေးချက်-**

အဆွေတော်အနေဖြင့် မြန်မာနိုင်ငံသို့ ထပ်မံလာရောက်ကာ လေ့လာမှုများပြုလုပ်ပြီး အခြေအနေကြည့်၍ အခြားသောပုဂ္ဂိုလ်များနှင့် ဆွေးနွေးပြောကြားမှုများ ပြုလုပ်သွားမည်ဟု အထက်တွင် ပြောကြားခဲ့ပါသည်။ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာပြီးနောက် သက်ဆိုင်ရာသို့ သတင်းပို့တင်ပြရမည်ဖြစ်ပါသည်။ ထိုသို့ သတင်းပို့တင်ပြသည့်အချိန်တွင် ၎င်းတို့ဘက်က မည်ကဲ့သို့တုံ့ပြန်ပြီး မည်သည့်မှတ်ချက်များ ပေးအပ်မည်ဟူသည့်အချက်အပေါ်တွင် များစွာမူတည်ပါသည်။ အဆွေတော်အနေဖြင့် မည်သည့်အချက်များကိုတွေ့ရှိကာ သက်ဆိုင်ရာသို့ မည်ကဲ့သို့သတင်းပို့တင်ပြသွားမည်ဟူသည့်အချက်အပေါ်လည်း မိမိတို့အနေဖြင့် လေ့လာကြည့်ရှုရမည်ဖြစ်ပါသည်။ မိမိတို့အကြားတွင် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရှိရန် လိုအပ်ပါသည်။ မိမိတို့အနေဖြင့် အကြမ်းဖက်လုပ်ရပ်များကိုတုံ့ပြန်ရာ၌ အတတ်နိုင်ဆုံးထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် မိမိတို့အားတိုက်ခိုက်လာလျှင် မဖြစ်မနေပြန်လည်တိုက်ခိုက်မှု ပြုလုပ်ရမည်ဖြစ်ပါသည်။ ထို့အပြင် ပြည်သူလူထုကို ထိခိုက်အောင် ပြုလုပ်လာလျှင် ပြန်လည်တိုက်ခိုက်မှု ပြုလုပ်သွားရမည်ဖြစ်ပါသည်။ မိမိအနေဖြင့် အာဆီယံဘုံသဘောတူညီချက် ၅ ရပ်နှင့်ပတ်သက်၍ လက်ရှိအချိန်အထိ ပြန်လည်ရည်ညွှန်းပြောဆိုခြင်း(Refer)မရှိသေးပါ။ မိမိတို့ ပြောကြားနေသည့်အချက် ၅ ရပ်မှာ နိုင်ငံတော်က ကျင့်သုံးနေသည့် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ဖြစ်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ နိုင်ငံတစ်နိုင်ငံပိုင်နက်နယ်နိမိတ်တည်တံ့ရေးနှင့် နိုင်ငံတစ်နိုင်ငံ၏အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားရန်၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား ကျူးကျော်တိုက်ခိုက်ခြင်းမပြုရန်တို့သာ ပါဝင်ပါသည်။ မိမိတို့အနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်လျက်ရှိပါသည်။ **အဆွေတော်လာရောက်သည့် ယခုခရီးစဉ်သည် တရားဝင်ခရီးစဉ်ဖြစ်ပြီး လက်ရှိအဆွေတော်တည်ရှိနေသည့်နေရာသည် နိုင်ငံတော်သမ္မတ၏ ဧည့်ခန်းမဖြစ်ပါသည်။ အဆွေတော်အနေဖြင့် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်**ပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ အဆိုပြုချက်ကို လက်ခံခြင်းမရှိပါက အခြားဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ အဆိုပြုချက်များကိုလည်း လက်ခံခြင်းမပြုစေလိုပါ။

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် ပြောကြားချက်-**

မိမိအနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ ထောက်ပြဆွေးနွေးနိုင်သည့် အခွင့်အာဏာသာရှိပြီး ဆုံးဖြတ်ပိုင်ခွင့်မရှိပါ။ မိမိအနေဖြင့် ယခုကဲ့သို့ လာရောက်၍ တွေ့ဆုံဆွေးနွေးခြင်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မှာကြားချက်များကို အဆွေတော်ထံသို့လာရောက်၍ ရှင်းလင်းပြောကြားပေးခြင်းသာဖြစ်ပါသည်။ အဆွေတော်ကို ဆောင်ရွက်စေလိုသည့် အချက် ၂ ချက်ရှိပါသည်။ အဆိုပါအချက် ၂ ချက်မှာ မြန်မာနိုင်ငံ၏ နေရာဒေသအချို့တွင် လေကြောင်းမှဗုံးကြဲတိုက်ခိုက်ခြင်းမပြုလုပ်ရန်နှင့် ပြည်သူလူထုနေထိုင်ရာ ရပ်ရွာများ၊ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း မပြုလုပ်ရန်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို တုံ့ပြန်ပြောကြားချက်-**

အချက် ၂ ချက်နှင့်ပတ်သက်၍ ဆွေးနွေးလိုပါသည်။ မိမိတို့ကို လာရောက်တိုက်ခိုက်သည့် သောင်းကျန်းသူများတည်ရှိရာနေရာသို့ ပစ်မှတ်ထား၍ မိမိတို့ဘက်က တိုက်ခိုက်ခြင်းဖြစ်ပါသည်။ အဆိုပါသောင်းကျန်းသူများက မိမိတို့ကို မတိုက်ခိုက်လျှင် မိမိတို့က စတင်၍ တိုက်ခိုက်မည်မဟုတ်ပါ။ လက်နက်ကိုင်၍ ဆန့်ကျင်တိုက်ခိုက်ခြင်းကို မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရကမျှ လက်ခံမည်မဟုတ်ပါ။ ပြည်သူလူထုနေထိုင်ရာ နေအိမ်များ၊ ရပ်ရွာများကို မီးရှို့သည့်ကိစ္စသည် လုံးဝမှားယွင်းသည်ဟု မိမိအနေဖြင့် ပြောကြားလိုပါသည်။ မြန်မာ့တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားသည့်အချိန်တွင်လည်း မိမိတို့အနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဥပမာအနေဖြင့် ပြောကြားရမည်ဆိုလျှင် မြန်မာနိုင်ငံရှိ ဒုက္ခသည်များကို နီပွန်ဖောင်ဒေးရှင်းက ကူညီဆောင်ရွက်ပေးနေသည်များ ရှိပါသည်။ ထို့အပြင် အခြားအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးနေသည်များလည်း ရှိပါသည်။ **သာမန်အားဖြင့် စဉ်းစားကြည့်မည်ဆို**

**လျှင်ပင် မိမိတို့တာဝန်ယူဆောင်ရွက်ပေးရမည့် ဒုက္ခသည်များကို မိမိတို့က ဒုက္ခရောက်စေရန် နေအိမ်များမီးရှို့ဖျက်ဆီးသည်ဟူသောအချက်မှာ မဖြစ်နိုင်သည်ကို သိရှိနိုင်**ပါသည်။ ပြည်သူလူထု၏နေအိမ်များအား မိမိတို့က မီးရှို့ဖျက်ဆီးသည်ဟူသောအချက်ကို မိမိအနေဖြင့် လုံးဝငြင်းဆိုပါသည်။

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံနှင့်ကုလသမဂ္ဂတို့အကြား ဆက်လက်လက်တွဲဆောင်ရွက်နိုင်ရေး ကမ်းလှမ်း ပြောကြားမှု–**

**မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကောင်းမွန်သော သမိုင်းကြောင်းရှိခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် ကုလသမဂ္ဂတွင် မြန်မာနိုင်ငံပြန်လည်ပါဝင်နိုင်စေရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres ကလည်း ဆန္ဒရှိ**ပါသည်။ မိမိအနေဖြင့် မြန်မာနိုင်ငံကို တန်ဖိုးထားလေးစားပါသည်။ ဒုတိယအချက်အနေဖြင့် မြန်မာနိုင်ငံတွင် အကျဉ်းသားများကို သေဒဏ်ပေးအပ်သည့်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားလိုပါသည်။ ဖြစ်ပြီးသားကိစ္စများမှာ ဖြစ်ပျက်ခဲ့ပြီးသောကြောင့် နောက်ထပ်သေဒဏ်ချမှတ်စီရင်သည့်ကိစ္စများကို သနားညှာတာမှု၊ လူသားချင်း စာနာထောက်ထားမှုတို့ဖြင့် ထောက်ရှု၍ ဖြေလျှော့မှုများကို လုပ်ဆောင်နိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ အဆွေတော်ကိုယ်တိုင်သည်လည်း သနားညှာတာမှုရှိသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်အတွက် နောက်နောင်တွင် သေဒဏ်ချမှတ်စီရင်မည့်ကိစ္စများကို သနားညှာတာမှုရှိစွာ ဆုံးဖြတ်ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မိမိအနေဖြင့် မျှော်လင့်ပါသည်။ တတိယအချက်အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရေးကိစ္စများကို မည်ကဲ့သို့ဆောင်ရွက်သွားမည်နှင့်ပတ်သက်၍ ဆွေးနွေးလိုပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရေးကိစ္စများကို Channel တစ်ခုထဲမှ မဟုတ်ဘဲ အခြားဆက်သွယ်ဆောင်ရွက်နိုင်မည့် လမ်းကြောင်းများစွာမှတစ်ဆင့် ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါသည်။ မြန်မာနိုင်ငံသို့ မလာရောက်မီ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Mr. Prak Sokhonn နှင့် လည်း တွေ့ဆုံခဲ့ပါသည်။ Mr. Prak Sokhonn သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်တွေ့ဆုံကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်နိုင်မည့်နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်ဟု သိရှိရပါသည်။ မိမိအနေဖြင့် မြန်မာနိုင်ငံမှ ပြန်လည်မထွက်ခွာမီ အချိန်ရရှိမည်ဆိုပါက ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်လိုပါသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi မြန်မာနိုင်ငံသို့ လာရောက်ခဲ့ချိန်တွင် အဆွေတော်အနေဖြင့် အားလုံးပါဝင်သော ဆွေးနွေးပွဲများနှင့် အပြုသဘောဆောင်သော ဆွေးနွေးပွဲများ ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်ကို မိမိအနေဖြင့် သိရှိထားပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ပြောကြားချက်–**

အားလုံးပါဝင်နိုင်သော တွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်၍ လုပ်ဆောင်လျက်ရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံသကဲ့သို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)အနေဖြင့်လည်း သက်ဆိုင်ရာနိုင်ငံရေးပါတီများနှင့် တွေ့ဆုံခဲ့ပါသည်။ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်အနေဖြင့်လည်း နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တွေ့ဆုံဆွေးနွေးလိုပါက ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် တွေ့ဆုံနိုင်ရန် စီစဉ်ပေးမည်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် **အဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံလိုသော်လည်း နိုင်ငံတော်ကိုဆန့်ကျင်လျက်ရှိသည့်အဖွဲ့များနှင့် တွေ့ဆုံရေးနှင့်ပတ်သက်၍ ပြောကြားရမည်ဆိုပါက ၎င်းတို့အနေဖြင့် လုပ်ဆောင်ချက်အားလုံးကို ဦးစွာရပ်ဆိုင်း၍ တရားဝင်တွေ့ဆုံမှုပြုလုပ်ရန်လိုအပ်ပါသည်။ ယင်းကဲ့သို့မဟုတ်ဘဲ လမ်းဘေးတွင် စကားပြောသည့်ပုံစံမျိုးဖြင့် ပြောဆို၍မရပါ။ Gentlemen's Agreement ကိုလည်း ပြုလုပ်ရန်လိုအပ်**ပါသည်။ မိမိအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရန် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ဖိတ်ခေါ်ခဲ့ပါသည်။ လက်ရှိအချိန်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ လာမည့်ရက်သတ္တပတ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဒုတိယအကြိမ်ပြန်လည် တွေ့

ဆုံဆွေးနွေးမည်ဖြစ်ပါသည်။ ထို့အပြင် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် တတိယအကြိမ် ပြန်လည်တွေ့ဆုံဆွေးနွေးမည်ဖြစ်ပါသည်။ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပါသည်။ တရားဝင်ဖြစ်သည့်နိုင်ငံရေးပါတီများနှင့် အချိန်မရွေးတွေ့ဆုံနိုင်သော်လည်း **နိုင်ငံတော်ကိုဆန့်ကျင်၍ အကြမ်းဖက်တိုက်ခိုက်နေသူများနှင့် ဆွေးနွေးသွားမည်ဆိုသည့်အချက်မှာ လုံးဝမဖြစ်နိုင်ပါ၊ အကြမ်းဖက်တိုက်ခိုက်မှုများ လုံးဝမဖြစ်စေရန် ၎င်းတို့ဘက်က ပထမဆုံးတာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်**ပါသည်။ ၎င်းတို့အနေဖြင့် ယင်းကဲ့သို့ တာဝန်ယူဆောင်ရွက်ပေးလျှင် မိမိတို့ဘက်က တွေ့ဆုံဆွေးနွေးနိုင်မည့်လမ်းစကိုရှာဖွေပေးသွားမည်ဖြစ်ပါသည်။ သေဒဏ်ချမှတ်သည့်ကိစ္စနှင့်ပတ်သက်၍ ပြောကြားရမည်ဆိုလျှင် မိမိတို့တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့အတွက် အာဏာရှိသော်လည်း ဥပဒေ၏ ပြင်ပမှနေ၍ မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ခဲ့ခြင်းမရှိပါ။ ၎င်းတို့အနေဖြင့် လွန်စွာဆိုးရွားသည့် ပြစ်မှုများကို ကျူးလွန်ခဲ့သောကြောင့် ယင်းကဲ့သို့ အပြစ်ပေးအရေးယူခံရခြင်းဖြစ်ပါသည်။ ၎င်းတို့အနက် အချို့မှာ လူ ၄၊ ၅၊ ၆ ဦးကို သတ်ဖြတ်ခဲ့သူများဖြစ်ပါသည်။ အဆွေတော်အနေဖြင့် အဆွေတော်၏ မိတ်ဆွေသားချင်းများ အသတ်ခံရလျှင် မည်ကဲ့သို့ခံစားရမည်ကို မေးမြန်းလိုပါသည်။ ထိုက်သင့်သောအရေးယူမှုများကို ပြုလုပ်ရမည်ဖြစ်ပြီး နိုင်ငံ၏တရားဥပဒေစိုးမိုးရေးအရ ယင်းကဲ့သို့ အပြစ်ပေးဆောင်ရွက်ခြင်းဖြစ်ပါသည်။

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ကလေးသူငယ်များ အရေးယူဆောင်ရွက်မှုနှင့်ပတ်သက်၍ ပြောကြားချက်–**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres အနေဖြင့် မြန်မာနိုင်ငံကို ကူညီပေးနိုင်မည့်နည်းလမ်းအား ရှာဖွေ၍ မြန်မာနိုင်ငံကို နိုင်ငံတကာအသိုက်အဝန်းသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ရန် စိတ်အားထက်သန်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဖမ်းဆီးထိန်းသိမ်းထားသည့် နိုင်ငံရေးအကျဉ်းသားများကို ပြန်လည်လွှတ်ပေးမည်ဆိုလျှင် နိုင်ငံတကာ၏ မြန်မာနိုင်ငံအပေါ် ယုံကြည်မှုများ ပိုမိုမြင့်တက်လာမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ နိုင်ငံရေးအကျဉ်းသားများကို ပြန်လည်လွှတ်ပေးရန်မှာ ခက်ခဲသည့်ကိစ္စတစ်ခုဖြစ်သည်ကိုလည်း မိမိအနေဖြင့်သိရှိထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံက ဖမ်းဆီးထိန်းသိမ်းထားသည့် ဩစတြေးလျစီးပွားရေးပညာရှင် Mr. Sean Turnell ကို ပြန်လွှတ်ပေးမည်ဆိုလျှင် မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုကို ဖော်ဆောင်နိုင်သည့် အခြေအနေတစ်ခုဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ အဆွေတော်အနေဖြင့် ကလေးငယ်များ၏ ပညာရေးနှင့်ပတ်သက်၍ ဦးစားပေးဆောင်ရွက်သည်ကိုလည်း မိမိအနေဖြင့် သိရှိထားပါသည်။ သို့ဖြစ်၍ အကျဉ်းထောင်အတွင်း၌ ဖမ်းဆီးထိန်းသိမ်းထားသည့် ကလေးငယ်များရှိပါက ပြန်လည်လွှတ်ပေးရန် မိမိအနေဖြင့် မေတ္တာရပ်ခံလိုပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အရေးယူဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဥပဒေများနှင့်အညီ ဆောင်ရွက်နေမှုအား တုံ့ပြန်ပြောကြားမှု–**

ကလေးငယ်များနှင့်ပတ်သက်၍ ဆွေးနွေးရမည်ဆိုလျှင် မိမိတို့အရေးယူဖမ်းဆီးထိန်းသိမ်းထားသည့် ကလေးငယ်များ၌ အသက် ၁၆ နှစ်၊ ၁၇ နှစ်အရွယ် လူငယ်အနည်းစု ပါဝင်ပါသည်။ ၎င်းတို့နှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အသက်ညှာဆုံး အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။ Mr. Sean Turnell ကိစ္စတွင်လည်း ဩစတြေးလျနိုင်ငံအစိုးရအနေဖြင့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များဆောင်ရွက်မည်ဆိုလျှင် မိမိတို့အနေဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ တင်းမာစွာဆောင်ရွက်ရမည့် အခြေအနေမျိုးမရှိပါ။ Mr. Sean Turnell ကိစ္စနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိရသည့် အချက်အလက်များမှာ ၎င်းအား ကြီးလေးသောပြစ်ဒဏ်ချမှတ်နိုင်သည့် သက်သေအထောက်အထားများဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ အကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် အပြစ်မဲ့ပြည်သူ ၃,၅၀၀ ဦးခန့်သေဆုံးခဲ့ရပါသည်။ အဆိုပါသေဆုံးသူများမှာ ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ခြင်းမရှိဘဲ သတ်ဖြတ်ခံခဲ့ရသူများဖြစ်ပါသည်။ အပြစ်မဲ့ပြည်သူများသေဆုံးမှုတွင် ကျောင်းဆရာ၊ ဆရာမ ၄၈ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၂ ဦး၊ သံဃာတော် ၅၃ ပါး၊ သီလရှင် ၁ ပါးနှင့် ကလေးသူငယ် ၈၂ ဦးပါဝင်ပါသည်။ အဆိုပါသေဆုံးသူများ၏ မိဘများ၊ ဆွေမျိုးသားချင်းများကို မိမိတို့အနေဖြင့် မည်ကဲ့သို့ နှစ်သိမ့်ပေးရမည်ကို သိရှိလိုပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres သည် ကမ္ဘာတစ်ဝန်းလုံးကို ကိုယ်စားပြုသူတစ်ဦးဖြစ်သကဲ့သို့ မိမိသည်လည်း မြန်မာနိုင်ငံကို ကိုယ်စားပြုသူတစ်ဦးဖြစ်ပါသည်။ သို့ဖြစ်၍ မိမိအနေဖြင့် မြန်မာနိုင်ငံ၌ တည်ငြိမ်အေးချမ်းမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီ ဖော်

ဆောင်ရေးတို့နှင့် ပတ်သက်၍ တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ဘင်္ဂါလီကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးချက်–**

ပဥ္စမမြောက်အချက်အဖြစ် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြစ်ပွားလျက်ရှိသည့်ကိစ္စရပ်ကို ဆွေးနွေးလိုပါသည်။ မိမိအနေဖြင့် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် ဒုက္ခသည် ၁ ဒသမ ၂ သန်းကျော် ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးလိုပါသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရတို့အကြား သဘောတူညီမှုများပြုလုပ်၍ ဒုက္ခသည်များနေရပ်ပြန်လာနိုင်ရေးအတွက် ဆောင်ရွက်နေသည့် ကိစ္စများရှိသည်ဟု သိရှိထားပြီး Pilot Project အနေဖြင့် ဒုက္ခသည်ဦးရေ ၁,၀၀၀ ကျော်ကို နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်ဟု သိရှိထားပါသည်။ ရခိုင်ပြည်နယ်သို့ ဒုက္ခသည်များ လုံခြုံဘေးကင်းစွာ ပြန်လာနိုင်ရေးနှင့် ၎င်းတို့၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်သွားနိုင်မည်ဟူသည့် ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားလိုပါသည်။ (မှတ်ချက်–ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အနေဖြင့် ၎င်းကိစ္စအား ဆွေးနွေးရာတွင် ရိုဟင်ဂျာဟူ၍ ပြောဆိုသုံးနှုန်းခဲ့ခြင်း မရှိကြောင်း တွေ့ရှိရသည်။)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘင်္ဂါလီကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံသဘောတူညီချက်များ၊ ဥပဒေများနှင့်အညီ ဆောင်ရွက်နေမှုကို ရှင်းလင်းမှု–**

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည့် ဘင်္ဂါလီများကို ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ သဘောတူညီမှုရှိခဲ့ပါသည်။ မြန်မာ–ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား အဆိုပါကိစ္စနှင့်ပတ်သက်၍ ၁၉၉၂ ခုနှစ်၌ သဘောတူညီခဲ့သည့်အချက် ၄ ချက်ရှိပါသည်။ ပထမအချက်မှာ မိမိသဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများဖြစ်ရန်နှင့် အခြားအချက်များအနေဖြင့် မြန်မာနိုင်ငံတွင် မွေးဖွားခဲ့သူများ၊ မြန်မာနိုင်ငံတွင် နေထိုင်သည့် သက်သေအထောက်အထားပြနိုင်သူများ ဖြစ်ရန်ဟူ၍ဖြစ်ပါသည်။ ထို့အပြင် မိမိတို့အကြား အဆိုပါသဘောတူညီချက် ၄ ချက်အား ၂၀၁၇ ခုနှစ်တွင် အချက် ၁ ချက် ထပ်မံတိုး၍ သဘောတူညီမှုကိုပြုလုပ်ခဲ့ပါသည်။ ယင်းထပ်တိုးအချက်မှာ မြန်မာနိုင်ငံတွင် မွေးဖွားခဲ့သူများအနေဖြင့် တရားရုံးမှ ထောက်ခံချက်များပါရှိရန်ဟူ၍ဖြစ်ပါသည်။ မိမိတို့အနေဖြင့် ၎င်းတို့ကို ပြန်လည်လက်ခံပေးမည်ဟု ပြောကြားခဲ့ပါသည်။ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းမရှိပါ။ ဒုက္ခသည်များစာရင်းနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တောင်းခံခဲ့ရာတွင် နှစ်နိုင်ငံအကြား သဘောတူညီထားသည့် ပုံစံအတိုင်း ပေးအပ်ခြင်းမရှိဘဲ ၎င်းတို့ပေးအပ်လိုသည့်ပုံစံဖြင့်သာ စာရင်းများပေးအပ်လာသည့်အတွက် မိမိတို့အနေဖြင့် ဆက်လက်စစ်ဆေးဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ **မြန်မာနိုင်ငံ၌ လူဦးရေ ၅၅ သန်းခန့်ရှိပြီး ၅ ရာခိုင်နှုန်းမှာ အစ္စလာမ်ဘာသာဝင်များဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင် အစ္စလာမ်ဘာသာနှင့်ပတ်သက်၍ မည်သည့်ပြဿနာတစ်စုံတစ်ရာမျှ ဖြစ်ပွားခဲ့ခြင်းမရှိ**ပါ။ ယင်းကိစ္စနှင့်ပတ်သက်၍ အဆွေတော်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သွားရောက်၍ ဆွေးနွေးမှုများပြုလုပ်နိုင်သည့်အပြင် မိမိတို့အနေဖြင့်လည်း ယင်းကိစ္စရပ်အား အချိန်မရွေးပြန်လည်ဆွေးနွေးပေးရန် အသင့်ရှိပါသည်။ မိမိတို့ဘက်က အကြိမ်ကြိမ်ဖိတ်ခေါ်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် အကြောင်းအမျိုးမျိုးပြ၍ ဆက်လက်ဆောင်ရွက်ခြင်း မရှိခဲ့ခြင်းဖြစ်ပြီး အဓိကပြဿနာရပ်မှာ ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားမဟုတ်သော ဘင်္ဂါလီလူမျိုးများသာဖြစ်သော်လည်း ၎င်းတို့ဘက်က ကိုယ့်ကိုယ်ကိုယ် ရိုဟင်ဂျာဟူ၍ အမည်တပ်ကာ ဆောင်ရွက်နေခြင်းကို မိမိတို့အနေဖြင့် လုံးဝလက်ခံနိုင်မှုမရှိခြင်းပင်ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော ဒုက္ခသည်များကို မြန်မာနိုင်ငံ၏ဥပဒေအရ ပြန်လည်စိစစ်လက်ခံပေးသွားမည်ဖြစ်ပြီး ဥပဒေအရ ဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတကာမှတစ်ဆင့်တောင်းဆို၍ လုပ်ဆောင်ခြင်းကို လက်ခံနိုင်ခြင်းမရှိပါ။ မိမိတို့အနေဖြင့် ဘင်္ဂါလီများကို လုံးဝလက်ခံနိုင်ခြင်းမရှိဟု ပြောကြားနေခြင်းမဟုတ်ဘဲ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် တရားဝင်နေထိုင်ခဲ့သည့် အထောက်အထားပြသနိုင်မည်ဆိုလျှင် လက်ခံပေးသွားမည်ဖြစ်ပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့လည်း ကူညီပေးနိုင်ရေး မေတ္တာရပ်ခံထားပါသည်။ မြန်မာနိုင်ငံတွင် အိမ်နီးချင်းနိုင်ငံ ၅ နိုင်ငံရှိပြီး ဘင်္

လားဒေ့ရှ်နိုင်ငံမှအပ အခြား ၄ နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်ပြီး နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံနှင့်ပတ်သက်၍ ရွေးချယ်ပိုင်ခွင့်မရှိပါ။ မည်သို့ပင်ဆိုစေကာမူ အပြုသဘောဆောင်သည့် ဆက်ဆံရေးဖြင့် ဆက်ဆံဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်းနှင့်ပတ်သက်၍ဆွေးနွေးချက် –**

နောက်ဆုံးအချက်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို တရားဝင်ပြစ်ဒဏ်များ ချမှတ်ခြင်းမပြုလုပ်မီ ၎င်း၏နေအိမ်သို့ ပြန်လည်ပို့ဆောင်နိုင်ရေးကိစ္စဖြစ်ပါသည်။ မိမိအား ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခွင့်ပြုရန် တောင်းဆိုလိုပါသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသောကိစ္စရပ်များနှင့်ပတ်သက်၍ သဘောထားကွဲလွဲနေသူများအကြား ညှိနှိုင်း ဆောင်ရွက်ပေးနိုင်မည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ရှုမြင်ထားပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်းနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်နေမှုများအပေါ် ရှင်းလင်းဆွေးနွေးမှု –**

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၎င်း၏မိခင်နှင့်အတူ ၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံခြားသို့ ထွက်ခွာသွားပြီး မြန်မာနိုင်ငံသို့ ပြန်လည်နေထိုင်ခြင်းမရှိဘဲ မိခင်ဖြစ်သူ၏ ကျန်းမာရေးအခြေအနေကြောင့်သာ ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ မိမိအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ကြိမ်ဖန်များစွာ တွေ့ဆုံခဲ့ဖူးပါသည်။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် နောက်ဆုံးအကြိမ်တွေ့ခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ဥပဒေကြောင်းအရ မဲစာရင်းမှားယွင်းမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ပါသည်။ မိမိတို့ဘက်က ယင်းကဲ့သို့ တောင်းဆိုမှုများပြုလုပ်ခဲ့သော်လည်း ဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်ခြင်းမရှိသည့်အပြင် ဥပဒေနှင့်မလျော်ညီသည့် လုပ်ဆောင်ချက်များ ဆောင်ရွက်ခဲ့သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်အပေါ် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ရခြင်းဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ယင်းကိစ္စရပ်အား ဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်ခဲ့မည်ဆိုလျှင် လက်ရှိဖြစ်ပေါ်နေသည့်ကိစ္စများလုံးဝဖြစ်လာမည်မဟုတ်ပါ။ ၎င်းတို့အနေဖြင့် ယင်းကိစ္စရပ်အား ဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်မှုမပြုနိုင်သည့် အကြောင်းအရင်းများစွာရှိပါသည်။ ယင်းကိစ္စရပ်အား မိမိတို့အနေဖြင့် ၎င်းအား ဥပဒေနှင့်အညီသာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းအပေါ် ဥပဒေအရ တရားစီရင်မှုကိစ္စများ ပြီးဆုံးပြီးနောက် မိမိတို့၏လုပ်ဆောင်ချက်အပေါ် တုံ့ပြန်လာမှုများကိုမူတည်၍ ၎င်းအပေါ် စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိမိအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် ယခုထက်ပိုမိုအရေးယူဆောင်ရွက်မှုများပြုလုပ်နိုင်သော်လည်း သက်ညှာသောအားဖြင့် မပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် **ဒီမိုကရေစီနှင့် ဒီမိုကရေစီကို ဆန့်ကျင်သည့်အရာကို ဦးစားပေးနှိုင်းယှဉ်လာလျှင် မိမိအနေဖြင့် ဒီမိုကရေစီကိုဦးစားပေး၍ ဆောင်ရွက်မည်ဖြစ်**သောကြောင့် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များ လုပ်ဆောင်ပြီးလျှင် မိမိအနေဖြင့် ၎င်းအပေါ် စဉ်းစားဆုံးဖြတ်သွားမည်ဖြစ်ပါသည်။ တရားစွဲဆိုခြင်းကိစ္စရပ်အား ဥပမာအနေဖြင့် ပြောကြားရမည်ဆိုလျှင် မလေးရှားနိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Najib Razak ကို တရားရုံးမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံသမ္မတဟောင်း Ms. Park Geun-hye ကိုလည်း ဥပဒေအရလုပ်ဆောင်ခဲ့ပါသည်။ ၎င်းတို့သည် နိုင်ငံရေးသမားများဖြစ်သည့်အပြင် ဥပဒေကိုနားလည်သဘောပေါက်၍ လိုက်နာရသည့်သူများဖြစ်သောကြောင့် ဥပဒေအရ ရင်ဆိုင်၍ ပြန်လည်ဖြေရှင်းရန် တာဝန်ရှိပါသည်။ အလားတူ မိမိတို့အနေဖြင့်လည်း ဥပဒေအရ လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

သို့ဖြစ်၍ မိမိတို့အနေဖြင့် အဆိုပါကိစ္စများကို ဥပဒေအရ စဉ်းစားဆောင်ရွက်၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ယခုအချိန်တွင် မည်ကဲ့သို့ ဆက်လက်လုပ်ဆောင်သွားမည်ကို ပြောရန်အချိန်စောလွန်းသေးပါသည်။ မိမိတို့အနေဖြင့် **ဒေါ်အောင်ဆန်းစုကြည်အပေါ် အထူးအခွင့်အရေးပေး၍ နေအိမ်ကဲ့သို့ထားရှိကာ ဆောင်ရွက်ပေးထား**ပါသည်။ အဆွေတော်ပြောသည့် The Charter Of The United Nations စာအုပ်သည် မိမိထံတွင်လည်းရှိပြီး စိတ်ဝင်စားမှုရှိပါသည်။ သို့ရာတွင် **UN Charter ဆိုသည်မှာ စာရွက်ပေါ်တွင်သာ ရှိရမည်မဟုတ်ဘဲ အမှန်တကယ် လိုက်နာဆောင်ရွက်ရန် လိုအပ်**ပါသည်။

**သီးခြားဖော်ပြချက်**

ကုလသမဂ္ဂတာဝန်ရှိသူများအနေဖြင့်၎င်းတို့မှအများပြည်သူသို့ ထုတ်ပြန်ချက်များတွင် အစိုးရ၏ တုံ့ပြန်ပြောကြားချက်များကို မျှတစွာထည့်သွင်းဖော်ပြရန် ကျင့်ဝတ်အရ လိုအပ်

သော်လည်း အထူးကိုယ်စားလှယ်ရုံး၏ (၁၇-၈-၂၀၂၂) ရက် ထုတ်ပြန်ချက်သည် ယင်းကို လိုက်နာခြင်းမရှိကြောင်းတွေ့ရှိရသည်။ ယင်းထုတ်ပြန်ချက်ကြောင့် နိုင်ငံတကာအသိုက်အဝန်းက အထင်အမြင်လွဲမှားစေနိုင်ပြီး အများပြည်သူက နားလည်မှုလွဲမှားစေနိုင်သည်။

အထူးကိုယ်စားလှယ်ရုံး၏ သတင်းထုတ်ပြန်ချက်သည် ပြည်ပနှင့်ပြည်တွင်းရှိ တရားမဝင်နှင့် အကြမ်းဖက်အဖွဲ့များမှ ပေးပို့သော သတင်းမှားများအပေါ်အခြေခံ၍ ဆွေးနွေးတောင်းဆိုမှုများဖြစ်သဖြင့် မြန်မာနိုင်ငံဘက်မှ ပကတိဖြစ်ရပ်မှန်များ၊ သတင်းအချက် အလက်အထောက်အထားများ ပြည့်စုံစွာဖြင့် ပြန်လည်ရှင်းပြခဲ့ခြင်းများကို ထင်ဟပ်ဖော်ပြခြင်းမပြုဘဲ ယင်းတို့၏တစ်ဖက်သတ်ပြောကြားမှုများသာဖြစ်ပြီး နှစ်ဦးနှစ်ဖက်အပြုသဘော ပူးပေါင်းဆွေးနွေးမှုများအပေါ် အနှောင့်အယှက်အဟန့်အတားဖြစ်စေနိုင်သဖြင့် ဆွေးနွေးချက်များကို ပြည့်စုံစွာဖော်ပြလိုက်ရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၈-၂၀၂၂)**

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Noeleen Heyzer ၏ ပြောဆိုဆွေးနွေးချက်များ-**

- **အခြားနိုင်ငံများနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးဟူသော မူဝါဒနှင့်ပတ်သက်၍ အကောင်အထည်ဖော်ကူညီဆောင်ရွက်ပေးသွားမည်။**
- **မြန်မာနိုင်ငံသည် လူ့အခွင့်အရေးဆိုင်ရာ ကြေညာချက်စာတမ်း၌ ပထမဆုံးလက်မှတ်ရေးထိုးခဲ့သည့် ကောင်းမွန်သည့် သမိုင်းကြောင်းများရှိ။**
- **မြန်မာနိုင်ငံ၏နေရာဒေသအချို့တွင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်း မပြုလုပ်ရန်နှင့် ပြည်သူလူထုနေထိုင်ရာ ရပ်ရွာများ၊ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း မပြုလုပ်ရန်။**
- **လူသားချင်းစာနာထောက်ထားမှုတို့ဖြင့် ထောက်ရှု၍ ဖြေလျှော့မှုများကို လုပ်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်။**
- **မြန်မာနိုင်ငံတွင် နှစ်ဖက်စလုံးမှ အကြမ်းဖက်မှုများပြုလုပ်နေသည်ဟူသည့်အချက်ကို ပထမဆုံးအသိအမှတ်ပြုခဲ့သူတစ်ဦးဖြစ်။**
- **မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် ပြည်သူလူထု၏ဆန္ဒများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟူသည့် အသုံးအနှုန်း ကို ပထမဆုံးသုံးနှုန်းပြောဆိုခဲ့သူတစ်ဦးလည်းဖြစ်။**
- **"Myanmar Led, Myanmar Way" ဟူသည့် ဆောင်ပုဒ်ကို အသိအမှတ်ပြု။**
- **ဩစတြေးလျ စီးပွားရေးပညာရှင် Mr. Sean Turnell ကို ပြန်လွှတ်ပေးမည်ဆိုလျှင် မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုကို ဖော်ညွှန်းပြသနိုင်မည်ဖြစ်။**
- **အကျဉ်းထောင်အတွင်း၌ ဖမ်းဆီးထိန်းသိမ်းထားသည့် ကလေးငယ်များရှိပါက ပြန်လည်လွှတ်ပေးရန် မိမိအနေဖြင့် မေတ္တာရပ်ခံလို။**
- **ရခိုင်ပြည်နယ်သို့ ဒုက္ခသည်များ လုံခြုံဘေးကင်းစွာ ပြန်လာနိုင်ရေးနှင့် ၎င်းတို့၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်သွားနိုင်မည်ဖြစ်။**
- **ဒေါ်အောင်ဆန်းစုကြည်ကို တရားဝင်ပြစ်ဒဏ်များ ချမှတ်ခြင်းမပြုလုပ်မီ ၎င်း၏နေအိမ်သို့ ပြန်လည်ပို့ဆောင်နိုင်ရေးကိစ္စဖြစ်ပြီး မိမိအား ဒေါ်အောင်ဆန်းစုကြည် နှင့် တွေ့ဆုံဆွေးနွေးခွင့်ပြုရန် တောင်းဆိုလို။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြန်လည်ပြောကြားဆွေးနွေးမှုမှာ–

- မိမိတို့အစိုးရသည် ဥပဒေဖြင့် လုပ်ဆောင်ရသော အဖွဲ့အစည်းဖြစ်သည့်အတွက် ကိစ္စအားလုံးကို ဥပဒေအတိုင်း သာဆောင်ရွက်။
- မိမိတို့တာဝန်ယူဆောင်ရွက်ပေးရမည့် ဒုက္ခသည်များကို မိမိတို့က ဒုက္ခရောက်စေရန် နေအိမ်များမီးရှို့ဖျက်ဆီး သည်ဟူသောအချက်မှာ မဖြစ်နိုင်သည်ကို သိရှိနိုင်။
- ဥပဒေ၏ ပြင်ပမှနေ၍ မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ခဲ့ခြင်းမရှိ။ ၎င်းတို့အနေဖြင့် လွန်စွာဆိုးရွားသည့် ပြစ်မှုများကို ကျူးလွန်ခဲ့သောကြောင့် အပြစ်ပေးအရေးယူခံရခြင်းဖြစ်။
- ကလေးငယ်များနှင့်ပတ်သက်၍ အသက်ညှာဆုံး အရေးယူဆောင်ရွက်မှုများပြုလုပ်ခဲ့။
- မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကုလသမဂ္ဂ၏ အရိပ်အာဝါသကြောင့် အေးမြသည့်အရသာကို လိုလား တောင့်တနေသည့်နိုင်ငံများဖြစ်။
- ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ကမ္ဘာ့နိုင်ငံများ၏ ဆိုးတိုင်ပင်ကောင်းတိုင်ပင်ပုဂ္ဂိုလ်မျိုးဖြစ်ရန် လိုအပ်။
- အဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံလိုသော်လည်း နိုင်ငံတော်ကိုဆန့်ကျင်လျက်ရှိသည့်အဖွဲ့များနှင့် တွေ့ဆုံ ရေးနှင့်ပတ်သက်၍ ပြောကြားရမည်ဆိုပါက ၎င်းတို့အနေဖြင့် လုပ်ဆောင်ချက်အားလုံးကို ဦးစွာရပ်ဆိုင်း၍ တရားဝင်တွေ့ဆုံမှုပြုလုပ် ရန်လို။
- ဩစတြေးလျနိုင်ငံအစိုးရအနေဖြင့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များ ဆောင်ရွက်မည်ဆိုလျှင် မိမိတို့အနေဖြင့် တင်းမာစွာဆောင်ရွက်ရမည့် အခြေအနေ မျိုးမရှိ။
- မြန်မာနိုင်ငံတွင် အစ္စလာမ်ဘာသာနှင့်ပတ်သက်၍ မည်သည့် ပြဿနာတစ်စုံတစ်ရာမျှ ဖြစ်ပွားခဲ့ခြင်းမရှိ။
- UN Charter ဆိုသည်မှာ စာရွက်ပေါ်တွင်သာ ရှိရမည်မဟုတ်ဘဲ အမှန်တကယ် လိုက်နာဆောင်ရွက်ရန် လိုအပ်။
- ဒေါ်အောင်ဆန်းစုကြည်အပေါ် ယခုထက်ပိုမိုအရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်သော်လည်း သက်ညှာသော အားဖြင့် မပြုလုပ်ခဲ့ခြင်းဖြစ်။
- ဒီမိုကရေစီနှင့် ဒီမိုကရေစီကိုဆန့်ကျင်သည့်အရာကို ဦးစားပေးနှိုင်းယှဉ်လာလျှင် မိမိအနေဖြင့် ဒီမိုကရေစီကို ဦးစားပေး၍ ဆောင်ရွက်မည်ဖြစ်သောကြောင့် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များ လုပ်ဆောင်ပြီး လျှင် မိမိအနေဖြင့် ၎င်းအပေါ် စဉ်းစားဆုံးဖြတ်သွားမည်ဖြစ်။
- အထူးကိုယ်စားလှယ်ရုံး၏ သတင်းထုတ်ပြန်ချက်သည် ပြည်ပနှင့်ပြည်တွင်းရှိ တရားမဝင်နှင့် အကြမ်းဖက် အဖွဲ့များမှပေးပို့သော သတင်းမှားများအပေါ် အခြေခံ၍ ဆွေးနွေးတောင်းဆိုမှုများဖြစ်သဖြင့် မြန်မာနိုင်ငံ ဘက်မှ ပကတိဖြစ်ရပ်မှန်များ၊ သတင်းအချက်အလက်အထောက်အထားများ ပြည့်စုံစွာဖြင့် ပြန်လည် ရှင်း ပြခဲ့ခြင်းများကို ထင်ဟပ်ဖော်ပြခြင်းမပြုဘဲ ယင်းတို့၏တစ်ဖက်သတ် ပြောကြားမှုများသာဖြစ်ပြီး နှစ်ဦးနှစ်ဖက် အပြုသဘောပူးပေါင်းဆွေးနွေးမှုများအပေါ် အနှောင့်အယှက်အဟန့်အတားဖြစ်စေနိုင်သဖြင့် ဆွေးနွေးချက် များကို ပြည့်စုံစွာဖော်ပြလိုက်ရခြင်းဖြစ်။